မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ဖွံ့ဖြိုးစည်ပင် တိုးတက်ပြောင်းလဲလာသော နယ်စပ်ဒေသ လွယ်ဂျယ်

ဖွံ့ဖြိုးတိုးတက်နေသော ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ လွယ်ဂျယ်မြို့လယ်နာရီစင်နှင့် ရှုခင်းကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)

➢ သတင်းခရီးသည် - မြင့်မောင်စိုး
➢ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ လွယ်ဂျယ်မြို့သည် တပ်မတော်အစိုးရလက်ထက် နယ်စပ်ဒေသများ အေးချမ်းသာယာလာပြီးနောက် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ခဲ့မှုကြောင့် ကျေးလက်အဆင့်မှ မြို့အဆင့်သို့ တိုးတက်ပြောင်းလဲလာခဲ့သည်။

ထိစပ်နေ

လွယ်ဂျယ်မြို့သည် ဗန်းမော်ခရိုင်၌ တည်ရှိသည်။ မိုးမောက်နှင့် လွယ်ဂျယ်မှာ ၄၇ မိုင်ကျော် ကွာဝေးသည်။ လွယ်ဂျယ်မြို့သည် တရုတ်-မြန်မာ နယ်စပ်မျဉ်းတစ်လျှောက် တည်ရှိနေသော

စာမျက်နှာ ၉ ကော်လံ ၄ ✻

ဖွံ့ဖြိုးတိုးတက်နေသော ကချင်ပြည်နယ်ရှိ နယ်စပ်မြို့ လွယ်ဂျယ်ကို အပေါ်စီးမှ ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် ဩဂုတ် ၂၃ရက်)

စိုက်ပျိုးမြေဧရိယာများ တိုးမြှင့်ဖော်ဆောင် ပြည်ပပို့ကုန်အမည်သစ်များ တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် တိုးတက်လာသော လူဦးရေ၊ စားဝတ်နေရေး ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးမြေဧရိယာများတိုးချဲ့၍ အရည်အသွေးမြင့်မားသောသီးနှံများ တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

စိုက်ပျိုးထွက်ကုန်များ ပိုမိုထွက်ရှိရေးအတွက် ရေ၊ မြေ၊ သယံဇာတ စွမ်းအားများ အပြည့်အဝဖော်ထုတ်အသုံးချရန်၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံထွက်စွမ်းအားတိုးရန်၊ စက်ယန္တရားများ တိုးမြှင့်သုံးစွဲရန်၊ ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ သုံးစွဲရန်တို့သည် အဓိကကျသည်။

နိုင်ငံတော်အစိုးရသည် ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို နည်းလမ်းကြံဆဖော်ထုတ်၍ စိုက်ပျိုးခဲ့ပြီး သီးနှံစိုက်ဧရိယာများကို တိုးပွားစေခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ရဲယိုစိုက်ပျိုးခြင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးသင့်သည်။ ရဲယိုပင်စိုက်ဧကတစ်ဧကတွင် အပင်၂၉၀ စိုက်ပျိုးနိုင်ပြီး ရဲယိုသီး ပေါင် ၆၉၆၀၀ခန့် ထွက်ရှိသည်။ အသီးအလေးချိန်၏ ငါးဆယ်ရာခိုင်နှုန်းသည် အရည်ထွက်ရှိပြီး အရည်ကိုးပေါင်သည် တစ်ဂါလန်နှင့်ညီမျှသည်။

နိုင်ငံတကာဈေးကွက်တွင် ရဲယိုအရည်တစ်လီတာကို အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာ ပေါက်ဈေးရှိသည်။ ကမ္ဘာ့ဈေးကွက်ဝင် ရဲယိုကိုအောင်မြင်စွာစိုက်ပျိုးပြီး ရဲယိုလက်ဖက်ခြောက်နှင့် အရည်ကို ထုတ်လုပ်ပါက ပြည်ပပို့ကုန်အမည်သစ်(အမယ်သစ်)အဖြစ် နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်မည် ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ဝယ်လိုအားကောင်းသော ရဲယိုအရည်ကို ကျန်းမာရေးအတွက်လည်း အမျိုးသား၊ အမျိုးသမီးများ သောက်သုံးသဖြင့် ရောဂါအများအပြားကို ပျောက်ကင်းနိုင်ပေသည်။ ရဲယိုပင်သည် အီကွေတာရာသီဥတု ပူနွေးစွတ်စိုသော ရာသီဥတုမျိုးကို ကြိုက်နှစ်သက်သော်လည်း ရာသီမရွေး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ပြီး ထူးခြားချက်သည် သီးနှံဖျက်ပိုးကျရောက်မှု နည်းပါးခြင်းပင်ဖြစ်သည်။

သို့ဖြစ်ပေရာ ကမ္ဘာ့ဈေးကွက်ဝင် ရဲယိုပင်ကို ပြည်ပပို့ကုန်အမည်သစ်(အမယ်သစ်)အဖြစ် ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပါက နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားငွေ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၃-၈-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (ဇာတ်သိမ်းပိုင်း)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အကြင်နာမျက်ဝန်း**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား**(အပိုင်း-၁၈)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ဘဝကြေးမုံ **ချစ်သဝန်ကြောင်** မင်းဇကရာဇ်၊ ဝါဝါအောင်၊မေ ဒါရိုက်တာ-မေတင်(MMG)
၆:၄၅ ၁၃။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်**(အပိုင်း-၁၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနှန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၃၈)
၂၂။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ (အပိုင်း-၂၁)

ရန်ကုန်တောင်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တောင်ပိုင်းခရိုင်၏ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၀ရက် မွန်းလွဲပိုင်းက ကျောက်တန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ တိုင်းမှူးက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် အနုပညာရှင်များက အဆို၊ အကများဖြင့် တင်ဆက်ဖျော်ဖြေကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေကို ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

ကျောက်တန်း အထက(၂) သော်ကကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၆ရက်က သော်ကရတနာခန်းမ၌ ကျင်းပရာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ မခင်မီမီထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာအောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၁၁၅)

ရွှေကူမြို့နယ်စည်ပင် ယာဉ်နှင့်လမ်းစည်းကမ်း ရှောင်တခင် စစ်ဆေး

ရွှေကူ ဩဂုတ် ၂၂

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းလျက် ရွှေကူမြို့ မြို့မဈေးလမ်းဆုံ၌ ဩဂုတ် ၁၄ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ကိုယ့်လမ်းကိုယ်သွားလူ့စွမ်းအား** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၆)
၈:၃၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၂၅ Sports World (Sunday Special)
၉:၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ချစ်လို့စတာ**
၁၀:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ပင်စိမ်းရနံ့ဂေါ်ဖီအစာသွတ်၊ ကြက်သားလုံးလိုက်ချီးကော်ရည်)
၁၁:၀၀ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
၁၁:၅၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၅)
၁၂:၁၀ စက္ကူရွက်ဝေရှမ်းထီးသက်သေ
၁၂:၃၀ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၁၂:၄၅ ကျန်းမာသန်ထွားဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)
၁:၀၀ **ကိုယ့်လမ်းကိုယ်သွားလူ့စွမ်းအား** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (ရည်းစားရှိတာကောင်းတယ်၊ ရည်းစားမရှိတာကောင်းတယ်)
၃:၂၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ချစ်လို့စတာ**
၄:၀၅ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
၄:၃၀ ရန်ကုန်မြင်ကွင်းကျယ် (သရုပ်ဆောင်သစ် မြတ်မှူးခင်၏ ဇာတ်ကားမိတ်ဆက်ပွဲအခမ်းအနား)
၄:၅၀ ရှေးဟောင်းအမွေဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာမြကန်သာ
၅:၁၅ VJ Choice
၅:၃၅ Sports World (Sunday Special)
၆:၀၀ MRTV-4 သတင်း
၆:၂၀ အလုံသဘော်ကျင်း၏တစ်နေ့တာ လုပ်ငန်းဆောင်တာများ
၆:၄၅ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
၇:၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ပင်စိမ်းရနံ့ဂေါ်ဖီအစာသွပ်၊ ကြက်သားလုံးလိုင်ချီးကော်ရည်)
၇:၃၀ Sports World (Sunday Special)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (ရည်းစားရှိတာကောင်းတယ်၊ ရည်းစားမရှိတာကောင်းတယ်)
၉:၁၀ ဗီဒီယိုပြခန်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၆)
၁၀:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၅)
၁၀:၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၂:၀၀ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁၂:၁၅ ရထားပို့ဆောင်ရေးကဏ္ဍအဆင့်မြှင့်တင်နိုင်ရန်အထောက်အကူပြုမည့် ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ)
၁၂:၄၅ VJ Choice
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	West Ham- Tottenham	ESPN (Live)
၈:၂၅	Burnley- Everton	Star Sports(Live)
၉:၂၅	Fulham-Chelsea	ESPN (Live)

ဇလွန်မြို့နယ်အသင်း စုပေါင်းအလှူ

ရန်ကုန် ဩဂုတ် ၂၂

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဗဟန်းကြားတောရလမ်းရှိ ရောဝတီတိုင်းဓမ္မာရုံ၌ ဩဂုတ် ၃၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများနှင့် ဇလွန်နွယ်ဝင်များ လှူဒါန်းနိုင်ကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးလှမြင့်(ကေသီပန်)ဥက္ကဋ္ဌ ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဦးကျော်စိုးဝင်း ဒုတိယဥက္ကဋ္ဌ ဖုန်း-၂၉၆၉၄၃၊ ဦးအေးကျော့နှင့် အတွင်းရေးမှူး ဖုန်း-၀၉-၅၁-၅၈၂၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ

တတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၂

၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပွဲစဉ်ကို ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ ဆက်လက်ကျင်းပရာ (ခခ) အုပ်စုမှ ပထမရရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် (ဃဃ) အုပ်စုမှ ဒုတိယရရှိခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားမည်

ဩဂုတ်၂၄ရက် ပွဲစဉ်များအဖြစ် (ဂဂ)အုပ်စုမှ ပထမရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် (ကက)အုပ်စုမှ ဒုတိယရရှိသော ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အဖွဲ့ဝင်များတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသော မစ္စတာဟွမ်ပူးရီ၊ မစ္စတာကင်မ်ဆဲယွန်းနှင့်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာပတ်ကေချုံ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြည်ပအလုပ်အကိုင်အခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် လုပ်သားထုကျွမ်းကျင်မှု အဆင့်မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးကြသည်။ ဝန်ကြီး ဦးအောင်ကြည်နှင့်အတူ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၂၂-၈-၂၀၀၉

နေပြည်တော်	၀ ဒသမ ၀၈ လက်မ
မောင်တော	၅ ဒသမ ၇၁ လက်မ
ခန္တီး	၃ ဒသမ ၉၃ လက်မ
ကျိုက္ကမီ	၃ ဒသမ ၃၅ လက်မ
မြစ်ကြီးနား	၂ ဒသမ ၈၄ လက်မ
ပူတာအို	၂ ဒသမ ၇၂ လက်မ
ကော့ကရိတ်	၁ ဒသမ ၄၂ လက်မ

လားရှိုးဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

လားရှိုး ဩဂုတ် ၂၂

လားရှိုးမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၉ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးလှကျော်၊ ပြည်နယ်သမဝါယမဦးစီးဌာန မြောက်ပိုင်းရုံးခွဲ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အယ်နီကိုင်ဖတို့က အမှာစကားပြောကြားကြသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းစည်းကမ်းဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အသင်းသားစာရင်းစစ်အဖွဲ့တို့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် လားရှိုး ပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်ရန်ပုံငွေနှင့် မြို့နယ်ပညာရေးမှူးရုံး ပညာရေးငွေပဒေသာပင်တို့အတွက် တစ်ဌာနလျှင် ငွေကျပ်နှစ်သိန်းစီ စိုက်ထူလှူဒါန်းပေးအပ်သည်။ **(လားရှိုးကိုယ်ပွား)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၂၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**



မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း (တပ်ကုန်း)၊ နွေသင်နိုင်၊ ခန့်ကျော်ထင်လှိုင်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ သာကီဟိန်း၊ အောင်ဝင်း(ဝတ်မှုံသစ်)၊ ချမ်းမြဆောင်း(ကလော)၊ မျိုးခိုင်(မူဆယ်)၊ နန်းချယ်ရီ၊ မောင်သျှင်နှောင်းတို့၏ အဖွင့်ကဗျာများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သာနိုင်အောင်(ကျိုက်မရော)၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ အောင်ဇင်၊ တက္ကသိုလ်စိုးယဉ်၊ နီငြိမ်း (အညာတက္ကသိုလ်)၊ မောင်ကြည်သစ်ဦး၊ ဒေါက်တာသန်းဝင်းတင်(ရွှေဇာမြေ)၊ ကျော်(စက်မှု)၊ လေးလေးဆန်း၊ တက္ကသိုလ်ဝင်းမြင့်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဦးမြဝင်း၊ ဒေါက်တာ ချိုချိုတင့်(မြန်မာစာ)၊ ဖျာပုံလှမိုးနွယ်၊ သက်ဦးနိုင်(မြဝတီ)၊ ဒီဒိုင်း(ပြန်ဆက်)၊ ဦးကျော်စိန်(မန္တလေး)၊ ရွှေဘိုသီရိမာလာ၊ မောင်နန္ဒာ(မန္တလေး)၊ ကျော်ဝင်း(မိုးညှင်း)တို့၏ ဆောင်းပါးများ၊ အေးမြအေး(ရမည်းသင်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ ဝါဝါထင်လင်း၊ မချိုမွန်၊ မောင်သာမာန်(ဇီးကုန်း)၊ ကိုအောင်(လှိုင်သာယာ)၊ လင်းမြတ်(မြန်မာစာ)၊ မောင်နေမွန်၊ ဟာမိုနီ၊ ဘုန်းကျော်၊ အောင်အောင်ထွေးတို့၏ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်ကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍ၊ ကျောင်းသားလူငယ်ကဏ္ဍ၊ ဖွံ့ဖြိုးဝေစည်ကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ သတင်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်တို့ဖြင့် ဝေဝေဆာဆာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ သာကေတမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁/ အနော်မာရပ်ကွက် ၇ လမ်းအနောက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၇နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

လမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် လမ်းသာယာရေးကော်မတီဥက္ကဋ္ဌတို့က မင်္ဂလာအချိန်ကျရောက်သည့် နံနက် ၇နာရီတွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လမ်းမိသားစုများက လမ်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါလမ်း၏ စုစုပေါင်းကုန်ကျငွေတန်ဖိုးမှာ ကျပ် ၆၁သိန်းဖြစ်ပြီး လမ်း၏ အကျယ်အဝန်းမှာ အလျား ပေ ၅၅၀၊ အနံ ၁၄ပေ ဖြစ်သည်။ **(မြန်မာ့အလင်း)**

လမ်းပေါက်များပြုပြင်

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရန်အတွက် ကန်ဖျားလမ်းမကြီးပေါ်ရှိ လမ်းပေါက်များ ဖာထေးပြုပြင်မှုကို ဩဂုတ် ၁၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့ရုပ်မြင်သံကြား

၂၃-၈-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အဂ္ဂဇယမင်္ဂလံ** ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၇။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)**
- ၈:၄၀ ၈။ International News
- ၈:၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၂၂)
- ၁၂:၃၅ ၅။ Golf Magazine(TV)
- ၁၂:၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **အလွမ်းသင့်မျက်ရည်ဖြူ** နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်နန္ဒ)
- ၁၄:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဥ်
- ၁၄:၂၀ ၈။ စွမ်းအားပြည့်ထုတ်လုပ်ထား ပလတ်စတစ်ထုတ်ကုန်များ
- ၁၄:၃၀ ၉။ တေးဂီတအစီအစဉ်
- ၁၄:၄၀ ၁၀။ အဆိုပြိုင်ပွဲ
- ၁၄:၅၀ ၁၁။ International News
- ၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ အတီးပြိုင်ပွဲ
- ၄:၂၅ ၃။ တေးဂီတအစီအစဉ်
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရသစာပေအရေး အသားအထူးပြု) (ရသစာပေအရေးအသား)
- ၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)**
- ၅:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆:၃၅ ၁၁။ တစ်မျက်နှာ တစ်ကွက်စာ **အငွေ့လူသား** ဟန်လေး၊ သဇ်ာမြင့်မိုရ်၊ နန္ဒဟန်၊ မတူး (ဒါရိုက်တာ-လှဌေးအောင်)
- ၆:၅၅ ၁၂။ ဂီတသံစဉ်အလှဆင်
- ၇:၂၀ ၁၃။ အကပြိုင်ပွဲ
- ၇:၃၀ ၁၄။ တားဆီးကာကွယ်လူတုပ်ကွေး အန္တရာယ်
- ၇:၄၀ ၁၅။ အနုပညာကြေးမုံပြင်တစ်ချပ်ကို ခံစားခြင်း
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၃၆)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဖြူရောင်အောက်ကအကြင်နာနှလုံးသား** (အပိုင်း-၁၅)
- ၂၁။ အစီအစဉ်ပြီး၏။

ဩစတြေးလျနှင့်နယူးဇီလန် လေကြောင်းလိုင်းများတိုးမြှင့်ရန် သဘောတူညီ

ကင်ဘာရာ ဩဂုတ် ၂၂

ဩစတြေးလျဝန်ကြီးချုပ်ကီဗင်ရဒ်နှင့် နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကီးတို့သည် နှစ်နိုင်ငံလေကြောင်းလိုင်းများ တိုးမြှင့်ရန် ဩဂုတ် ၁၉ရက်က သဘောတူညီလိုက်ကြသည်။

အဆိုပါသဘောတူညီမှုတွင် နှစ်နိုင်ငံအကြား လေကြောင်းလုပ်ငန်း၌ ခရီးသည်များ ပတ်စ်ပို့နှင့်တကွ လုံခြုံရေးစစ်ဆေးမှု၊ လေယာဉ်သို့တိုက်ရိုက်သွားရာလမ်းကြောင်းများကို အဆင့်မြင့် တိုးမြှင့်ဆောင်ရွက်မှုကို လာမည့်နှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ဩစတြေးလျ၌ နှစ်နိုင်ငံပူးပေါင်းကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ကီဗင်ရဒ်က သတင်းထောက်များသို့ ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ဩစတြေးလျနိုင်ငံမှ လာရောက်သည့် ခရီးသည်မှာ နှစ်စဉ် တစ်သန်းခန့်ရှိရာ ၄င်းနိုင်ငံ၏ အရေးပါဆုံးသော လေကြောင်းလိုင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ဝီဖန်မြို့၌ ကျင်းပသည့် စွန်လွှတ်ပွဲတော်တွင် မလေးရှားနိုင်ငံမှ စွန်လွှတ်အဖွဲ့ ပြိုင်ပွဲဝင်ရန် ပြင်ဆင်လျက်ရှိသည်ကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ (ယင်းပွဲတော်တွင် နိုင်ငံပေါင်း ၂၀ကျော်မှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီကွေဒေါနှင့် ရုရှား နျူကလီးယားစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်

ကွီတို ဩဂုတ် ၂၂

အီကွေဒေါနိုင်ငံက ငြိမ်းချမ်းစွာ အသုံးပြုမည့် နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးမှု ကဏ္ဍတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရေး သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း အီကွေဒေါ စွမ်းအင်ဝန်ကြီးက ထုတ်ပြန်ကြေညာသည်။

လေ့ကျင့်သင်ကြား

အဆိုပါသဘောတူညီမှုအရ အီကွေဒေါ နျူကလီးယားထုတ်လုပ်မှုဆိုင်ရာ အင်ဂျင်နီယာများကို ရုရှားက လေ့ကျင့်သင်ကြားပေးမည်ဟု သိရသည်။

အဆုံးသတ်

အီကွေဒေါနိုင်ငံသည် စွမ်းအင်အတွက် အိမ်နီးချင်း ကိုလံဘီယာနိုင်ငံအပေါ် မှီခိုနေရခြင်းကို အဆုံးသတ်နိုင်ရန် ရေအားလျှပ်စစ်စက်ရုံနှစ်ရုံ တည်ဆောက်လျက်ရှိသည်။

ရပ်ဆိုင်း

ကိုလံဘီယာတပ်ဖွဲ့များက သူပုန်များကို နှိမ်နင်းရန်အတွက် အီကွေဒေါနိုင်ငံပိုင်နက်အတွင်းရှိ စခန်းတစ်ခုကိုဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ၂၀၀၈ခုနှစ် မတ်လမှစပြီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ရပ်ဆိုင်းသွားခဲ့သည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ နိုင်ငံတကာ အနုပညာပြပွဲတော်တွင် ပြင်သစ် အနုပညာအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်၌ A(H1N1) ဖြင့်သေဆုံးသူ ၅၂၂ဦးရှိလာ ကယ်လီဖိုးနီးယားနှင့် ဖလော်ရီဒါပြည်နယ်၌ အများဆုံးဖြစ်ပွား

စတော့ဟုမ်း ဩဂုတ် ၂၂

အမေရိကန်နိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၂ဦး ရှိပြီဖြစ်သည်။ အဆိုပါရောဂါဖြင့် ဆေးရုံတက်ရောက်ကာ ကုသခံနေရသူပေါင်း ၇၉၈၃ဦးရှိကြောင်း ဩဂုတ် ၂၁ရက်တွင် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန(စီဒီစီ)က ပြောကြားသည်။

၄င်းနိုင်ငံ၌ ယခင်ရက်သတ္တပတ်က A(H1N1)တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၄၅ဦးရှိပြီး ယင်းရောဂါဖြင့်သေဆုံးသူ ယခင်အပတ်က ၄၇၇ဦးရှိခဲ့ကြောင်း ပြည်နယ်ဆေးရုံများမှသတင်းရရှိသည်။ အမေရိကန်နိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါသည် ဧပြီလအတွင်းကစတင်ဖြစ်ပွားခဲ့ရာ လွန်ခဲ့သည့် နှစ်လအတွင်းက ကယ်လီဖိုးနီးယားနှင့် ဖလော်ရီဒါပြည်နယ်များတွင် အများဆုံးဖြစ်ပွားလျက်ရှိပြီး ရက်သတ္တလေးပတ်အတွင်း သေဆုံးသူဦးရေ မြင့်တက်လာခဲ့ကြောင်း (စီဒီစီ)က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အယ်လ်ခိုင်ဒါနှင့် ဆက်သွယ်သူ ၄၄ ဦး ဆော်ဒီအာရေဗျရဲတပ်ဖွဲ့ ဖမ်းဆီး

ရီယာ့ဒ် ဩဂုတ် ၂၂

ဆော်ဒီအာရေဗျနိုင်ငံ လုံခြုံရေးတပ်ဖွဲ့သည် အယ်လ်ခိုင်ဒါကွန်ရက် အကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသူ ၄၄ဦးကို လက်နက်ခဲယမ်းအမြောက်အမြားနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

သိမ်းဆည်းရမိ

ဖမ်းဆီးမိသူများတွင် ဆော်ဒီနိုင်ငံသား ၄၃ဦးနှင့် နိုင်ငံခြားသားတစ်ဦးပါဝင်ပြီး ၄င်းတို့သည် နိုင်ငံတွင်း၌ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသူများဖြစ်သည်ဟု ဆိုသည်။ ရဲတပ်ဖွဲ့သည် ရီယာ့ဒ်မြို့နှင့်ဆင်ခြေဖုံးဒေသများရှိ လက်နက်တိုက်သုံးတိုက်မှ စက်သေနတ် ၇၀ခန့်၊ ဖောက်ခွဲရေးပစ္စည်း ၃၇ဖမျိုးနှင့် ကျည်ဆန် ၃၁၀၀၀ကျော်ကို သိမ်းဆည်းရမိသည်။ (အင်တာနက်)

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသများ ၂၀၀၉ခုနှစ်အတွင်း စီးပွားရေးပြန်လည်ဦးမော့လာ

မက္ကဆီကိုစီးတီး ဩဂုတ် ၂၂

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့၌ ၂၀၀၉ခုနှစ် ဒုတိယသုံးလပတ်အတွင်း၌ စီးပွားရေးပြန်လည်ဦးမော့လာပြီဖြစ်သည့်အပြင် ၂၀၁၀ပြည့်နှစ်အရောက်တွင် စီးပွားရေး တောင့်တင်းခိုင်မာလာဖွယ်ရှိသည်ဟု လက်တင်အမေရိကနှင့် ကာရစ်ဘီယံစီးပွားရေးကော်မရှင် (အီးစီအယ်လ်အေစီ)က ခန့်မှန်းပြောကြားသည်။

ပြောကြား

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အရှိန်နှေးကွေးလာခြင်းကြောင့် ၂၀၀၉ခုနှစ်တွင် ဤဒေသအတွင်း၌ စီးပွားရေးမှာလည်း ၁ဒသမ ၉ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ဟု ခန့်မှန်းထားကြောင်း အီးစီအယ်လ်အေစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး အိုဆဗာဒိုကာဆစ်ဖ်က ပြောကြားသည်။ (အင်တာနက်)

ကားဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ထရပ်ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မက္ကဆီကို၌ အကြမ်းဖက်မှု ၃၃ဦး သေဆုံး

မက္ကဆီကိုစီးတီး ဩဂုတ် ၂၂

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း၌ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် အကြမ်းဖက်မှုများကြောင့် ၃၃ ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ နိုင်ငံတစ်ဝန်းတွင် အစိုးရကထိရောက်စွာ နှိမ်နင်းလျက်ရှိသည့်တိုင် မူးယစ်ဆေးဝါးဂိုဏ်းများအနေဖြင့် အကြမ်းဖက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိနေသေးသည်ဟုဆိုသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလမှစ၍ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့်အကြမ်းဖက်မှုကြောင့် သေဆုံးသူ ၁၀၀၀၀ နီးပါးရှိသည်ဟုသိရသည်။ အထူးသဖြင့် နိုင်ငံမြောက်ပိုင်းနယ်စပ်ဒေသဖြစ်သော ကူဒက်ဂျာရက်ဇ်မြို့တွင် အကြမ်းဖက်မှုအများဆုံးဖြစ်ပွားသည်ဟု သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ထိခိုက်ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့အနီး ရာဝါလ်ပင်ဒီမြို့ရှိ ဆေးရုံ၌ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသူများ ဆေးကုသမှုခံယူလျက်ရှိသည်ကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့်ပစ်ခတ် ပါကစ္စတန်ကျေးရွာ၌ ၁၂ဦးသေဆုံး

မီရန်ရှား (ပါကစ္စတန်) ဩဂုတ် ၂၂

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်ရှိ မြောက်ဝါဇီရစ္စတန်ဒေသတွင် မောင်းသူမဲ့အမေရိကန်လေယာဉ်တစ်စင်းက ဒုံးကျည်နှစ်စင်းဖြင့် ဩဂုတ်၂၁ရက်က ပစ်ခတ်ခဲ့သဖြင့် လူတစ်ဒါဇင်ထက်မနည်း သေဆုံးခဲ့ကြောင်း ပါကစ္စတန်ထောက်လှမ်းရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်က ပြောကြားသည်။

ဒုံးကျည်ဖြင့် အပစ်ခံရသည့်ကျေးရွာမှာ ဒီပါခေးကျေးရွာဖြစ်ပြီး မြောက်ဝါဇီရစ္စတန်ဒေသမှ နှစ်ကီလိုမီတာအကွာ၌ ဖြစ်သည်။ အဆိုပါကျေးရွာသည် အမေရိကန် စီအိုင်အေက ယခုလအတွင်း တတိယအကြိမ် ထပ်မံတိုက်ခိုက်ခံရခြင်းဖြစ်သည်။

ယုံကြည်

ပါကစ္စတန် တာလီဘန်အကြီးအကဲဖြစ်သူ ဘိတ်တူလာမီဆွတ်က တောင်ပိုင်းဝါဇီရစ္စတန်ဒေသတွင် ဩဂုတ်၅ရက်၌ အလားတူမောင်းသူမဲ့လေယာဉ် တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများသေဆုံးခဲ့သည်ဟု ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ပြင်သစ်တောင်ပိုင်း၌ လက်နက်ခဲယမ်းများတွေ့ရှိ

ပြင်သစ်နိုင်ငံတောင်ပိုင်း ဟီရူဒေသရှိ ဗီအဲဆန်နှင့်ဖာရယ်လက်စ်မွန်တက် မြို့များအနီးတွင် လက်နက်ခဲယမ်းအမြောက်အမြားကို ပြင်သစ်ရဲတပ်ဖွဲ့က ဩဂုတ် ၂၂ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပါကစ္စတန်၌ ဖမ်းဆီးခံထားရသော ပြင်သစ်စားစာခံပြန်လွတ်မြောက်လာ

ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ဖမ်းဆီးထားသော ပြင်သစ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားတစ်ဦးအား ဩဂုတ်၂၂ရက်၌ ပြန်လည်လွှတ်ပေးလိုက်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ပနားမား၌ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီး

ပနားမားနိုင်ငံသည် နိုင်ငံအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှု တစ်ရပ်အဖြစ် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးခြောက်တန်ကျော်ကို ဩဂုတ်၂၂ရက်၌ မီးရှို့ဖျက်ဆီးလိုက်ကြောင်း ပနားမားနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်သည်။(အောက်ပုံ)



ကနေဒါတောင်ပိုင်း၌ မုန်တိုင်းမွှေနှောက်

ကနေဒါနိုင်ငံတောင်ပိုင်း အွန်တာရီယိုပြည်နယ် အစိတ်အပိုင်းအချို့တွင် ဩဂုတ် ၂၂ရက်က မုန်တိုင်းမွှေနှောက်ခဲ့ရာ နေအိမ် ၁၂၀ကျော်ပျက်စီးပြီး မော်တော်ကားလမ်းများ ပိတ်ဆို့ကာ တစ်ဦးသေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကနေဒါအရာရှိများက ပြောကြားသည်။

အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ်၌ အလုပ်လက်မဲ့နှုန်းမြင့်တက်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အလုပ်လက်မဲ့နှုန်းတိုးမြင့်လျက်ရှိရာ လက်ရှိအခြေအနေ၌ ၁၁ဒသမ ၉ရာခိုင်နှုန်းအထိ ရှိနေကြောင်း အမေရိကန် အလုပ်သမားရေးဌာနက ဩဂုတ် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

နယူးဇီလန်အရှေ့မြောက်ပိုင်း၌ ငလျင်လှုပ်

နယူးဇီလန်နိုင်ငံ အရှေ့မြောက်ပိုင်း တီအရာရီရာပြည်နယ် ကမ်းလွန်တွင် ဩဂုတ် ၂၂ရက် ဒေသစံတော်ချိန် နံနက် ၅နာရီ ၂၄မိနစ်က ရစ်ချ်တာစကေး ၅ဒသမ ၆ရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်နှင့် အဆောက်အအုံပျက်စီးမှု အနည်းငယ်ရှိခဲ့ကြောင်း နယူးဇီလန် မိုးလေဝသနှင့် ဇလဗေဒဌာနမှ သတင်းထုတ်ပြန်သည်။

ပါကစ္စတန်မြို့တော်၌ လုံခြုံရေးတိုးမြှင့်ကြပ်မတ်

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်၌ လုံခြုံရေးတိုးမြှင့်ကြပ်မတ်သည့်အနေဖြင့် ရဲတပ်ဖွဲ့အရာရှိ ၁၈၄၃ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဩဂုတ် ၂၂ရက်မှ စတင်ကာ ဖြန့်ကြက်ထားလိုက်ကြောင်း ၊ အကြမ်းဖက် တိုက်ခိုက်မှုများမှ ကြိုတင်ကာကွယ်ရန်ဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပီရူးနိုင်ငံ လီမာမြို့သို့ မုန်တိုင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်ထား

ပီရူးနိုင်ငံ လီမာမြို့သို့ လာမည့် ၄၈နာရီအတွင်း မုန်တိုင်းဝင်ရောက် တိုက်ခတ်နိုင်ကြောင်း၊ ယင်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၆၀ကျော်နှုန်း တိုက်ခတ်ဖွယ်ရှိကြောင်း ပီရူးနိုင်ငံမိုးလေဝသဌာနမှ ဩဂုတ် ၂၂ရက်က သတင်းထုတ်ပြန်ထားသည်။
(အောက်ပုံ) (အင်တာနက်)



စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး ရွှေပြည်သာတွင် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ပေါ်ပေါက်လာရေးဆွေးနွေးပွဲကို အမှတ်(၅)ရပ်ကွက်အတွင်းရှိ လောကအမြင်စာကြည့်တိုက်တွင် ဩဂုတ် ၂၀ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစီးရေလာကောင်းမွန်ရေး နောင်ချို၌ ဆောင်ရွက်

နောင်ချို ဩဂုတ် ၂၂

နောင်ချိုမြို့ပေါ်ရပ်ကွက်များတွင် သန့်ရှင်းသာယာလှပစေရေးနှင့် ခြင်များ ပေါက်ပွားမှု မရှိစေရေး နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ဘူတာရပ်ကွက် ဇီဝကလမ်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခိုင်ဝင်းထွန်း ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့် အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က ကွင်းဆင်းကြီးကြပ်ကြသည်။
(မြို့နယ်စည်ပင်)

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မြို့ပတ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့ ဩဂုတ် ၁၃ ရက်က ကွင်းဆင်း စစ်ဆေးရာ လုပ်ငန်းတာဝန်ခံအငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စန်းစန်းမြင့်စိန် ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

သန့်ရှင်းရေးပြုလုပ်

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စီစဉ်မှုဖြင့် မြို့ပေါ်ရှိ သောက်သုံးရေကန်များကို အပတ်စဉ်သန့်ရှင်းရေး ပြုလုပ်ခြင်း၊ မြက်ပင်၊ ချုံပင်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က အမှတ်(၄) ရပ်ကွက် ၁၀ ဖြတ်လမ်းရှိ ဗိုလ်တဲ သောက်ရေကန်၌ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ အနေးယာဉ်အသင်းသားများနှင့် အမှတ်(၄)ရပ်ကွက်ရှိ လူမှုရေးအသင်းဝင်များစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါအခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-

- နှာချေ၊ ချောင်းဆိုးပြီးချိန်၊
- လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊
- လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊
- မိမိ၏ ပါးစပ် နှာခေါင်းစည်း ဖြုတ်သောအချိန်၊
- အစာမစားမီနှင့် စားပြီး ပြီးချိန်၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသော ရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

မေး။ ။ ပါးစပ် နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ ရောဂါကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ် နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခု ဖြစ်ပါသည်။

ပါးစပ် နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်ပါသည်-

- ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊
- ပါးစပ် နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာ ကပ်နိုင်သဖြင့် အသစ် လဲလှယ်တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊
- တစ်ခါသုံး ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊
- ပြန်လည်အသုံးပြုနိုင်သော ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာ လျှော်ဖွပ်၍ အသုံးပြုရမည်၊
- ပိုးသန့်စင်ရာတွင် **0.5% available chlorine** ရရှိစေရန် **Bleaching powder** ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင်သည်၊ မရှိပါက ရေနွေးဖြင့်ပြုတ်၍ ပိုးသန့်စင်ရမည်၊
- ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရမည်။ အရက်ပြန် **(Alcohol rub)** ကို အသုံးပြုနိုင်သည်၊
- ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျအသုံးပြုမှသာ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

23-8 (05).pmd 1 8/23/2009, 1:40 AM

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံတယ်လီပို့မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၁၅ရက်က ရန်ကုန်မြို့ ဟံသာဝတီရှိ အော်တိုအိတ်ချိန်းနှင့် အပြည်ပြည်ဆိုင်ရာ အမြန်စာပို့စခန်းသို့ ရောက်ရှိစစ်ဆေးပြီး ဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သတင်းအချက်အလက် ဗဟိုဝန်ဆောင်မှုကုမ္ပဏီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ပြည်ပ ဆက်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် အော်တိုတယ်လီဖုန်းများ ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် အဆင့်မြှင့်ဆောင်ရွက်မည့်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အင်ဂျင်နီယာချုပ်များက ရန်ကုန်မြို့၌ တပ်ဆင်ဆောင်ရွက်သွားမည့် Wireless အော်တိုတယ်လီဖုန်း (C.D. M.A 800) စနစ်နှင့် ကျေးလက်ဒေသများ၌ တပ်ဆင်အသုံးပြုသွားမည့် Mc.Will စနစ် Wireless အော်တိုတယ်လီဖုန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းတို့သည် ဩဂုတ် ၁၇ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံတယ်လီပို့ အစည်းအဝေးခန်းမ၌ တယ်လီပို့မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကြသည်။

ထို့နောက် ဝန်ကြီးများသည် ရတနာပုံမြို့သစ် Soft Base Factories နေရာ၌ ကုမ္ပဏီများက စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံတယ်လီပို့ အစည်းအဝေးခန်းမ၌ အမှာစကား ပြောကြားစဉ်။ (ဆက်သွယ်ရေး)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်၌ကျင်းပ

ဟုမ္မလင်း ဩဂုတ် ၂၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့၌ ကျင်းပသော ကမ္ဘာ့လူတုပ်ကွေး ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု ကျန်းမာရေး ပညာပေးဟောပြောပွဲများကို ခရိုင်ရှစ်ခရိုင်အတွင်းရှိ ၃၆မြို့နယ်၌ ကျင်းပသည်။

ဟောပြော

ကမ္ဘာ့လူတုပ်ကွေးနှင့် ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှု ကျန်းမာရေးပညာပေး စာပေဟောပြောပွဲကို ဇူလိုင် ၃၁ရက် မွန်းလွဲ ၁နာရီခွဲက ခန္တီးခရိုင် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှထွန်း(ကိုယ်စား) မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်း တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ခုတင်(၁၀၀)ဆေးရုံအုပ် ဒေါက်တာဦးထွန်းမြင့်**(အောက်ပုံ)**က ကမ္ဘာ့လူတုပ်ကွေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဆရာဝန်ဦးမောင်ထွေးက ကြက်၊ငှက်၊ဝက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအကြောင်းကိုလည်းကောင်း၊ စာရေးဆရာ ဒါရိုက်တာဇွန်မောင်မောင်က တစ်ကိုယ်ရေသန့်ရှင်းရေးအစ ခြေလက်က သုတစာပေရေးရာများကိုလည်းကောင်း၊ စာရေးဆရာ မြိတ် မောင်ယဉ်ဦးက ကျန်းမာရေးအစမျက်နှာက ပညာပေးစာပေရေးရာများကိုလည်းကောင်း ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရောဝတီတိုင်းမမှာရုံ စုပေါင်းအလှူဒါနပြုပွဲ

ရန်ကုန် ဩဂုတ် ၂၂

ရောဝတီတိုင်း မမှာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူးပြီး ရောဝတီတိုင်း မြို့နယ်အသင်းများနှင့်စုပေါင်း၍ ဒသမအကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက်က အမှတ် ၂၁/၄၃-စီ ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ဗဟန်းမြို့နယ်ရှိ ရောဝတီတိုင်းမမှာရုံ၌ ကျင်းပရာ နာယက ဦးစောကြိုင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း)က လှူဒါန်းပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မမှာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့ နာယကများ၊ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်း၊ အတွင်းရေးမှူး ဦးလှဝင်းနှင့် အကျိုးတော်ဆောင်များ၊ မြို့နယ်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းတို့ဖြင့် စုပေါင်းလှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကျောက်တံတားမြို့နယ်တွင် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အမာရီ ဦးဆောင်သောအဖွဲ့ ဩဂုတ် ၁၄ ရက်က အမှတ်(၁)နှင့်(၂)ရပ်ကွက်များတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသိန်းက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အမာရီက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး၊ စာအုပ်စာစောင်များစနစ်တကျ မှတ်ပုံတင်ထိန်းသိမ်းထားရှိရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ ရန်ပုံငွေထူထောင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မြစ်ကြီးနားတွင် ခြင်ဆေးဖျန်း

မြစ်ကြီးနား ဩဂုတ် ၂၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးဌာနစိတ်မှ ဦးနေလင်းကျော်(ကျန်းမာရေးမှူး-၂)နှင့် အဖွဲ့ဝန်ထမ်းများသည် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ မိုးရာသီတွင် ဖြစ်ပွားတတ်သော ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံအရာရှိ ဦးဖော်မိုး (လက်ထောက် ညွှန်ကြားရေးမှူး)က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လှူ့မိတ်ဆွေ

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၉ရက်က ကျင်းပရာ အဌမတန်း၌ ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည့် မောင်ကောင်းငြိမ်းဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတိုးက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကံမမြို့ အထက မိဘဆရာအသင်းစည်းဝေး တက္ကသိုလ်ဝင်တန်း ပညာရည်ချွန်ဆု ချီးမြှင့်ပေးအပ်

ကံမ ဩဂုတ် ၂၂

ကံမမြို့အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲပို ဩဂုတ် ၁၂ရက်က မြဝတီခန်းမ၌ ကျင်းပသည်။

အစီရင်ခံစာ

အခမ်းအနားတွင် မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကိုယ်စား ရဲမှူး အောင်ငွေ၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဆောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်တို့က အဖွင့်အမှာစကားပြောကြားပြီး မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို အတွင်းရေးမှူး ဦးဦးမြင့် (အလပြ)နှင့် ရန်ပုံငွေ ရသုံးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြင့်ဦး(အလပြ)တို့က ရှင်းလင်းတင်ပြသည်။ ထို့နောက် ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင် ကိုးဦး၊ ပညာရည်ချွန်ဆုရသူ ၂၄ဦး၊ သင်ကြားမှုထူးချွန်နှင့် ခွင့်ရက်မယူ ဆရာမ ၁၃ဦးတို့အား ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **(အပေါ်ယာပုံ)** **(ပညာရေး)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဆီဆိုင်စည်ပင် ရေပေးဝေရေးအတွက်ပိုက်သွယ်တန်း

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်း ဆိုက်ခေါင်ကျေးရွာ ရေပေးဝေရေးကန်မှ ကျေးလက်စျေးရေလှောင်ကန်သို့ ရေပိုက်များသွယ်တန်းမှုကို ဇူလိုင် ၉ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝေါင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ယာဉ်နှင့်လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(ဘားအံ)၏ ယာဉ်၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ရက် နံနက် ၁၀နာရီက ဘားအံမြို့နယ် တရုပ်လှ အထက ကျောင်းခန်းမ၌ကျင်းပရာ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဆွေက အမှာစကားပြောကြားပြီး ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတာဝန်ခံ ရဲအုပ်ကျော်ဆန်းက ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောသည်။ (ကညန)

ဖလမ်းမြို့၌ ကျောင်းကျန်းမာရေးလှုပ်ရှား

ချင်းပြည်နယ် ဖလမ်းမြို့ အထက(၂)၏ ကျောင်းကျန်းမာရေးလှုပ်ရှားမှု အခမ်းအနားကို နံနက် ၁၀နာရီက ကျင်းပရာ ကျောင်းကျန်းမာရေးနာယက ဆရာကြီး ဦးဘွဲကျုံးနုံက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ပေါင်ခန့်ဟောက်က ကျောင်းသားနှင့် ကျန်းမာရေးအကြောင်း ဖလမ်းမြို့နယ် ကြက်ခြေနီ ဒုတပ်ရင်းမှူး ဦးဇုန်လျန်ဆန်က ကျောင်းသားနှင့် ကြက်ခြေနီအကြောင်း သိကောင်းစရာများ ဟောပြောသည်။ (ပညာရေး)

ဖြူးမြို့၌ ပညာရေးမြှင့်တင်မှု ညှိနှိုင်းစည်းဝေး

ပဲခူးတိုင်း ဖြူးမြို့နယ် ပညာသင်ထောက်ပံ့ရေးကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီတို့၏ လုပ်ငန်းဆိုင်ရာ (၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်အသင်းရုံးတွင် ကျင်းပရာ အစည်းအဝေးသို့ ဖြူးမြို့နယ် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်၊ ပညာသင်ထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်စိုးနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ကော်မတီနှစ်ခုမှ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။ (ဝ၅၁)

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရေစကြိုမြို့နယ် မောက္ကလံကျေးရွာအုပ်စု ပေါင်လောင်ကျေးရွာ ဥသြမော် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေ၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်စန်းယုမော်၊ အလှူရှင်ဦးကျော်ဝင်းနှင့် ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဟန်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

အိုင်အိုဒင်းဆားရောင်းချမှု လက်ပံတန်း၌စစ်ဆေး

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးမူနှင့်တာဝန်ရှိသူများသည် ဩဂုတ် ၁ဝရက်က မြို့မစည်ပင်သာယာရေး ဈေးကြီးအတွင်း အိုင်အိုဒင်းဆား ရောင်းချသည့်ဆိုင်များအား ကြည့်ရှုစစ်ဆေးပြီး ဆေးဆိုးအစားအစာများ ရောင်းချခြင်း မပြုရန်နှင့် အစားအသောက်များ ရောင်းချရာတွင် ယင်လုံစွာ ဖုံးအုပ်ထားရန်၊ သွေးလွန်တုပ်ကွေး မဖြစ်ပွားစေရန် ရေစီးရေလာ ကောင်းမွန်ရေးတို့ကို ဆွေးနွေးဟောပြောသည်။ (၁၇၅)

မိုးစပါးစိုက်ပျိုးမှု မကွေးခရိုင်၌ကွင်းဆင်းစစ်ဆေး

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်သည် တောင်တွင်းကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်စိုက်ကြပ်ကော်မတီဝင်များနှင့်အတူ ဩဂုတ် ၈ရက်က ကုက္ကိုခွတိုက်နယ်၊ ၉ရက်တွင် မြို့မတိုက်နယ်နှင့် ၁၀ရက်တွင် ဆတ်သွားတိုက်နယ်များသို့သွားရောက်၍ မိုးစပါးစိုက်ပျိုးမှု ကွင်းဆင်းစစ်ဆေးကာ မိုးစပါးပန်းတိုင်အတွက်နှုန်းမြင့်မားရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ မြေသြဇာစနစ်တကျ သုံးစွဲရေး တောင်သူများနှင့် တွေ့ဆုံမှာကြားသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက် စံ(၅)ရပ်နှင့် ကိုက်ညီရေးဟောပြော

ကန့်ဘလူမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီဖြစ်ပေါ်လာရေး ဟောပြောခြင်းနှင့် ရုံးလုပ်ငန်းစစ်ဆေးခြင်းကို မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၂၂ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးညိုဝင်းက ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီမှု ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးလုပ်ငန်းများကို မြို့နယ်ရုံးဝန်ထမ်းများအား ဆွေးနွေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

တွန်းဇန်၌ ရေပေးမှု တိုးချဲ့ဆောင်ရွက်

တွန်းဇန်မြို့နယ်အတွင်းရှိ ရှီတွီးတူမ်းကျေးရွာသည် အိမ်ခြေ ၆၀ကျော်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဖြန့်ဝေပေးသော သောက်ရေသုံးရေဖြင့် လုံလောက်မှုမရှိသော (၁၀)အိမ်စုတို့အား သောက်သုံးရေပုံမှန်ရရှိနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်မန်း ဦးဆောင်ကြီးကြပ်မှုဖြင့် တိုးချဲ့ရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ထောင့်ချောင်းကြီးကျေးရွာ၌ ကျွန်းသစ်မာပင်စိုက်ပျိုး

မင်းပြားမြို့နယ် ထောင့်ချောင်းကြီးကျေးရွာတွင် မြို့နယ်သစ်တော ဦးစီးဌာနက ပေးအပ်သော ကျွန်းသစ်မာပင်စိုက်ပျိုးပွဲကို ဇူလိုင်၁၉ရက် နံနက်၈နာရီက ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဦးသာ ဦးဆောင်၍ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများက ရွာဝင်လမ်းနှင့် စွန်ရဲလမ်းတစ်လျှောက် သစ်ပင်များ တပျော်တပါး စုပေါင်း စိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၂

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မိုးလုံလေလုံ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ) (သတင်းစဉ်)

အီလက်ထရွန်နစ်နှင့် နေထိုင်မှု-၀၉ ပြပွဲ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

Electronic & Living '09

ရန်ကုန် ဩဂုတ် ၂၂

Nibban Electric & Electronics ၏ အဓိကပံ့ပိုးကူညီမှုဖြင့် IEMS Company Limited သည် (အီလက်ထရွန်နစ်နှင့် နေထိုင်မှု-၀၉) Electronic & Living '09 ကို စက်တင်ဘာ ၃ရက်မှ ၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ်၂၀ရက် နံနက် ၁၀နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရွှေဘဲစားတော်ဆက်၌ကျင်းပသည်။

ရှင်းလင်းပြောကြား

တွေ့ဆုံပွဲတွင် ရှေးဦးစွာ IEMS Company Limited မှ Managing Director ဦးသက်ရွှေလွင်က ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး (ယာပုံ) (Stars & Models Int'l မှ Managing Director ဦးဂျွန်လွင်၊ Nibban Electric & Electronics ကုမ္ပဏီမှ ဈေးကွက်မန်နေဂျာဒေါ်သီတာတိုးနှင့် ပါဝင်ပြသမည့် ကုမ္ပဏီများကိုယ်စား ရွှေလမင်းနဂါးကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်အောင်တို့က အသီးသီး ရှင်းလင်းပြောကြားကြကာ စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြသရောင်းချ

ပြပွဲတွင် ပြခန်းပေါင်း ၁၂၀ခန့် စာရင်းပေးသွင်းထားပြီး မြန်မာနိုင်ငံအတွက် ACER Brand Laptop တစ်ဦးတည်း ကိုယ်စားလှယ် ရွှေလမင်းနဂါးကုမ္ပဏီမှ New Model Laptop များကို အထူးဈေးနှုန်းဖြင့် အရေအတွက် ကန့်သတ်ကာ ပြသရောင်းချမည်ဖြစ်သည်။ Australasia Marketing, Trade and Technology မှလည်း ဂျပန်နိုင်ငံလုပ် Computerized Medical Equipment များ Earth Computer System မှ Solar စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စနစ်များ၊ Golden Lion၊ IEM မှ Online UPS များ၊ KMD၊ Lucky Bird၊ Thein Minn၊ Blu Ray၊ King Empire၊ Trust Net၊ Citicom၊ Cyber City၊ Do Do Ko Ko တို့မှ Branded Laptop နှင့် iphone များ၊ Smart dictionary ၊ SM³ တို့မှ Software System များ၊ Sony ၊ LG ၊ Samsung၊ T-home၊ Haier၊ Changhong၊ Canon၊ Concordia၊ Panasonic ၊ Stiebel Eltron Toshiba Kyaw Win ၊ ဘီနိုး၊ ရွှေသရဖူ၊ လူကလေး တို့မှ Quality မြင့်သော Aircon၊ LCD၊ Camera၊ Printer၊ Office Automation၊ Aircon၊ Game၊ MP(3/4/5)များ နှင့် အဆင့်မြင့် နောက်ဆုံးပေါ် ရေပူ၊ ရေအေး အသုံးပြုနိုင်သော ရေချိုးစက်များနှင့် အဝတ်လျှော်စက်များ၊ Super Mega၊ Kol Global မှ ခေတ်မီစက်များ၊ Maruart Vinyl မှ ကြမ်းခင်းများ၊ Thanlwin Int'l၊ Focus Enterprise၊ linpo တို့မှ အိမ်ဆောက်ပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများ၊ Denyo မီးစက်၊ Hisense၊ New Mobile၊ ishop (Apple)မှ နောက်ဆုံးပေါ် ပါးလွှာသော Mobile များ၊ Toyo၊ Atlas တံဆိပ် အရည်အသွေးမြင့် Battery များ၊ MBC၊ Total၊ Regent မှ Software နှင့် ပညာရေးဝန်ဆောင်မှု သင်တန်း ကျောင်းတို့ကို တစ်နေရာတည်း၌ စုံလင်စွာ Stars & Models Int'l မှ ကုန်ပစ္စည်းကြော်ငြာ သရုပ်ပြ ဖျော်ဖြေမှုနှင့်အတူ ခင်းကျင်းပြသမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၈-၈၀၅၅၃၃-၃၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ဈေးကွက်ဝင်ဆန်များ ကြိတ်ခွဲထုတ်လုပ်မှု နည်းပညာဟောပြော

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် Buhler Company တို့ပူးပေါင်း၍ ခေတ်မီစက်ယန္တရားများဖြင့် ကမ္ဘာ့ဈေးကွက်ဝင်ဆန်များ ကြိတ်ခွဲထုတ်လုပ်မှုနည်းပညာ ဟောပြောပွဲကို ဩဂုတ်၁၉ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာ နိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်း (အောက်ပုံ)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အထွေထွေ အတွင်းရေးမှူး ဦးသောင်းဝင်းက ဆန်ကြိတ်ခွဲ ထုတ်လုပ်မှုနည်း ပညာ ဟောပြောပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ယင်းနောက် Buhler China မှ Dr. Jens Oeding, (Director ,Grain Processing) နှင့် ဒေါက်တာရဲအောင်(Senior Rice Technologist)တို့က ခေတ်မီစက်ယန္တရားများဖြင့် ကမ္ဘာ့ ဈေးကွက်ဝင်ဆန်များ ကြိတ်ခွဲထုတ်လုပ်မှု နည်းပညာတို့ကို ဟောပြောကြပြီး တက်ရောက် လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ရှင်းလင်းဖြေကြားကြသည်။

တက်ရောက်

ဟောပြောပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဆန်စပါးဦးဆောင်ကုမ္ပဏီနှင့် ဆန်စပါး ရောင်းဝယ်သည့် ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်ငှားရမ်းမှု စနစ်တကျရှိရေး ဆောင်ရွက်

ဆင်ဘို ဩဂုတ် ၂၂

မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးရေး ဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီက ရေနားပင်လုံကျေးရွာ ခေတ်လူငယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးမေက ကျေးရွာဥက္ကဋ္ဌ ဦးချစ်စရာနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ တာဝန်ရှိသူများအား စာဖတ်သူအင်အားတိုးပွားရေး၊ စာအုပ်စာစောင်နှင့် ရန်ပုံငွေ တိုးပွားရရှိရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

23-8 (07).pmd 1 8/23/2009, 1:40 AM

သံဖြူဇရပ်မြို့နယ် ကျုံကဒတ်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ အရွယ်သုံးပါး စာဖတ်ပရိသတ်များ နှစ်သက်ရာစာပေများ စိတ်ဝင်တစား ဤသို့ လေ့လာဖတ်ရှုနေကြသည်။ (မြန်မာ့အလင်း)

❒ ကျောဖုံးမှ

တဝကြီး ရှူရှိုက်နေမိသည်။ မျက်စိတစ်ဆုံး မြင်နေရသည့် ပင်လယ်ပြင်ကြီးသည် ဟိုအဝေးတွင် မိုးကုတ်စက်ဝိုင်းနှင့်ထိစပ်နေသည်ဟု ထင်ရလောက်အောင်ပင်။ ပြာလဲ့လဲ့ ကောင်းကင်အောက်တွင် ဖွေးဖွေးလှုပ်နေသော ရေပြင်ကျယ်ကို ကြည့်ရင်း စိတ်တွင် ကြည်နူးနေမိသည်။

တလိမ့်လိမ့် ဆင့်ကာဆင့်ကာ တက်လာသော လှိုင်းလုံးကလေးများ ကမ်းစပ်သို့ လာရောက် ရိုက်ခတ်နေတာလည်း စည်းချက်ညီစွာ ညနေခင်း ဆည်းဆာအလှကို ထပ်ဆင့်၍ ဖော်ညွှန်းနေတော့သည်။

စတင်ဖော်ထုတ်

သံဖြူဇရပ်မြို့ စက်စဲအပန်းဖြေကမ်းခြေသို့ ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ကျုံကဒတ်စံပြကျေးရွာနှင့် ကွမ်သတ်ကျေးရွာအတွင်း စပါးစိုက်ပျိုးထုတ်လုပ်ရန် လယ်မြေဧက၂၀၀၀ကို ယခု နှစ်ဦးပိုင်းမှ စတင် ဖော်ထုတ်ခဲ့မှုနှင့် ပတ်သက်၍ သိရှိလိုသည်များကို ကျုံကဒတ် စံပြကျေးရွာ ဥက္ကဋ္ဌ ဦးအုန်းမြင့်အား တွေ့ဆုံ မေးမြန်းခဲ့သည်။

"ယခုမြင်ရတဲ့ မိုးစပါးစိုက်ပျိုးထားတဲ့ လယ်မြေတွေက ရေနုတ်မြောင်းရဲ့အကျိုးကြောင့် ဖြစ်ပါတယ်။ ရေနုတ်မြောင်း မတူးဖော်ခင်ကဆို စပါးစိုက်လို့ မအောင်မြင်ခဲ့ပါဘူး။ ရေတွေလွှမ်းနေပါတယ်။တည်ဆောက်ရေးလုပ်ငန်းတွေအတွက် အုတ်ဖုတ်တဲ့ လုပ်ငန်းမှအပ တခြားနည်းနဲ့ အသုံးပြုလို့မရတဲ့ မြေတွေဖြစ်ပါတယ်။ ယခု ရေနုတ်မြောင်းတူးဖော်လိုက်လို့ လယ်ဧက ၂၀၀၀ လောက် ပေါ်ထွက်လာပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တည်ဆောက်

စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေဖြစ်သည်။ စိုက်ပျိုးရေ ရရှိရေး၊ မိုးရာသီတွင် ရေကြီးရေနက်ကွင်းများ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ရေးတို့အတွက် ဆည်တမံ၊ ရေထိန်းတံခါး၊ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းတို့ကို ရေမြေသဘာဝ အခြေအနေအလိုက် တည်ဆောက်လျက်ရှိသည်။

အဓိကစီးပွားရေး

ကျုံကဒတ် စံပြကျေးရွာသည် သံဖြူဇရပ်မြို့နယ်မှ ကျိုက္ခမီမြို့သွားလမ်းဘေးတွင် တည်ရှိသော ကျေးရွာဖြစ်သည်။ ကျေးရွာ၏ အဓိကစီးပွားရေးသည် ရော်ဘာနှင့် ဆန်စပါးတို့ဖြစ်သည်။ ကျေးရွာရှိ အဇင်းမြောင်းသည် ကျုံကဒတ်စံပြကျေးရွာနှင့် ကွမ်သတ်ကျေးရွာများအတွင်းဖြတ်သန်းပြီး ဝါကူမြစ်အတွင်း စီးဝင်သည်။ ရေနုတ်မြောင်း မတူးဖော်ခင်က ဒီရေအတက်တွင် မြစ်ရေနှင့်အတူ ပါလာသော သဲနုန်းများဝင်ရောက်မှုကြောင့် တဖြည်းဖြည်းတိမ်ကောပြီး စိုက်ပျိုး၍မရသည့် ရေကြီးကွင်းဖြစ်ခဲ့သည်။

မိုးရာသီတွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်ကာ ဆားငန်ရေများ ဝင်ရောက်မှုကြောင့် ဆန်စပါးစိုက်ပျိုးနိုင်ခြင်း မရှိသလောက်ဖြစ်ပြီး သီးနှံများဖြစ်ထွန်းမှု နည်းပါးလာခဲ့ရသည်။

စိုက်ပျိုးရေ

နိုင်ငံတော်မှ စီစဉ်ပေးသည့် စက်ယန္တရားအကူအညီဖြင့် အရှည်ပေတစ်သောင်း၊ အကျယ် ၁၆ပေနှင့် အနက်ခြောက်ပေကျော်ရှိသည့် အဇင်းမြောင်းကို ကျေးရွာများမှ ပြည်သူအင်အားဖြင့် တူးဖော်ခဲ့ရာ အောင်ရေနှင့် နွေစပါးသီးနှံဧက ၂၀၀၀ ကို ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ရန် ဆောင်ရွက်ထားသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးအတွက်သာမက ဒေသခံ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ တစ်ဆက်တစ်စပ်တည်း အထောက်အကူပြုနေသည်ကို တွေ့ရသည်။

မြေရိုင်းများဖော်ထုတ်

ယခုအခါ တိုးတက်လာမည့် လူဦးရေနှင့်အညီ အချိုးညီညီထုတ်လုပ်နိုင်ရေးအတွက် စပါးသီးနှံများ တိုးချဲ့စိုက်ပျိုးလာကြသည်။ ဆန်စပါး ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ထွက်နှုန်းအကောင်းဆုံးမျိုးစပါးကို ရွေးချယ်လျက် လုပ်မြေ၊ မြေရိုင်းများဖော်ထုတ်ကာ စိုက်ဧရိယာများ တိုးချဲ့စိုက်ပျိုးလာကြသည်။

ရော်ဘာ

သတင်းအဖွဲ့သည် စံပြကျေးရွာမှ လယ်ယာစိုက်ပျိုးရေးသာမက ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကိုပါ သွားရောက်လေ့လာခဲ့သည်။ ရော်ဘာစိုက်ပျိုးမှုကို စီးပွားဖြစ်လုပ်ကိုင်ကြသည်။ အိမ်တိုင်းရော်ဘာစိုက်ပျိုးကြသဖြင့် ဝင်ငွေကောင်းကြသည်။

တစ်ဧကကို ရော်ဘာအပင် ၂၂၀ စိုက်ပျိုးကြသည်။ တစ်ဧက တစ်ရက်အစေးလှီးပါက ပျမ်းမျှ ၂၅ ပေါင်ထွက်သည်။ တစ်နှစ်လျှင် ရက်ပေါင်း ၂၀၀ အစေးလှီးနိုင်သည်။ တစ်ဧကစိုက်ပျိုးပါက တစ်နှစ် ရော်ဘာပေါင် ၅၀၀၀ကျော်ထွက်ရှိသည်။ ထို့ကြောင့် ဧကအများအပြား စိုက်ပျိုးသူများ ပေါက်ဈေးပေါ်မူတည်၍ အကျိုးအမြတ်ရရှိကြသည်။ ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ ရော်ဘာပင်သာမက ရော်ဘာစိုက်ပျိုးမြေများလည်း အဆပေါင်းများစွာ ဈေးကောင်းရလာသည်။ ဤသည်မှာ ဒေသတည်ငြိမ် အေးချမ်းသာယာမှု၏ အကျိုးဆက်ကြောင့်ဟု ဆိုရမည်ဖြစ်သည်။

"ကျုံကဒတ် စံပြကျေးရွာနဲ့ ကွမ်သတ်ကျေးရွာအတွင်း စီးဆင်းသော အဇင်းမြောင်းကို တူးဖော်လိုက်လို့ လယ်ဧက ၂၀၀၀ ပေါ်ထွက်လာပါတယ်"
ဦးအုန်းမြင့်
ကျေးရွာဥက္ကဋ္ဌ။

ကျုံကဒတ် စံပြကျေးရွာနှင့် ကွမ်သတ်ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းသည့် အဇင်းမြောင်းကို ရေအပြည့်ဖြင့် တွေ့ရစဉ်။ (မြန်မာ့အလင်း)

အသိပညာဗဟုသုတ

ကျေးရွာရှိပြည်သူများ စာပေအသိပညာ၊ ဗဟုသုတများ တိုးပွားရရှိစေရန် စံ(၅)ရပ်နှင့်ညီသော ကိုယ့်အားကိုယ်ကိုး ခိုင်မာသည့် စာကြည့်တိုက်ကို ထူထောင်ဖွင့်လှစ်ထားသည်။ သတင်းအဖွဲ့ရောက်ရှိချိန်တွင် စာကြည့်တိုက်၌ အရွယ်သုံးပါး စာဖတ်ပရိသတ်များ နှစ်သက်ရာစာပေများ လေ့လာ ဖတ်ရှုနေကြသည်ကို တွေ့မြင်ရသည်။

အကျိုးဖြစ်ထွန်း

ဒေသ၏ အဓိကစီးပွားရေးဖြစ်သည့် ဆန်စပါးနှင့် ရော်ဘာကို မြေလွတ်မြေလပ်မကျန် ခေတ်မီနည်းပညာများဖြင့် အထွက်ကောင်းအောင် တိုးချဲ့စိုက်ပျိုးလာခြင်းဖြင့် ဒေသခံပြည်သူများ ပိုမိုအကျိုးဖြစ်ထွန်းပြီး ထိုမှတစ်ဆင့်တက်လှမ်းကာ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သံဖြူဇရပ်မြို့နှင့် ကျိုက္ခမီမြို့အကြား လမ်းတစ်လျှောက် တစ်အုပ်တစ်မစိုက်ပျိုးထားသည့် ရော်ဘာပင်ပျိုများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဒေသ၏ အဓိကစီးပွားရေးဖြစ်သည့် ဆန်စပါးနှင့် ရော်ဘာကို မြေလွတ်မြေလပ်မကျန် ခေတ်မီနည်းပညာများဖြင့် အထွက်ကောင်းအောင် တိုးချဲ့စိုက်ပျိုးလာခြင်းဖြင့် ဒေသခံပြည်သူများ ပိုမို အကျိုးဖြစ်ထွန်းပြီး လူမှုစီးပွားဘဝမြင့်မား တိုးတက်လာ။

အခွန်ဆိုင်ရာဆွေးနွေးပွဲ ဒဂုံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း ဒဂုံမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် အခွန်အပြည့်အဝပေးဆောင်ရေးအတွက် ဒဂုံမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် အခွန်ဆိုင်ရာဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁နာရီကကျင်းပရာ ရန်ကုန်တိုင်း တွဲဖက်တိုင်းအခွန်ဦးစီးမှူး ဒေါ်မူမူစောနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။ **(အောက်ပုံ)**

ပြန်လည်ဖြေကြား

ထို့နောက် စားသောက်ဆိုင်လုပ်ငန်းရှင်များအား မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းလွင်ဦးက စားသောက်ဆိုင်များတွင် ထားရှိရမည့် စာရင်းစာအုပ်၊ ရောင်းချရာတွင် အသုံးပြုရမည့် ပြေစာ၊ လိုက်နာရမည့် စည်းကမ်း၊ ပေးဆောင်ရမည့် အခွန်တို့ကို လက်တွေ့ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များက မေးမြန်းသည်များကို ပြန်လည်ဖြေကြားသည်။ ယင်းဆွေးနွေးပွဲသို့ ဒဂုံမြို့နယ်အတွင်းရှိ ပြေစာအဆင့် စားသောက်ဆိုင်ကြီးငါးဆိုင်အပါအဝင် စားသောက်ဆိုင်လုပ်ငန်းရှင် ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝ၉၉)

ဩဂုတ် ၁၄ရက်က လှိုင်းဘွဲ့မြို့နယ်၌ မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကြည်သက်မောင်က အဖွင့် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

■ *ကျောဖုံးမှ*

သီးသန့်လူနာခန်းများတွင် ထားရှိကုသပေးလျက်ရှိပြီး အခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရသည်။

စမ်းသပ်စစ်ဆေး

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၁၈၅ ဦးအား ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A(H1N1) ရောဂါပိုးတွေ့ရှိသူ ၂၄ ဦး ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်စကား

တောင်ဥက္ကလာပမြို့နယ် အထက(၁) နှစ်(၅၀)ပြည့် ရွှေရတုအကြိုတွေ့ဆုံပွဲကို သီရိရတနာခန်းမတွင် ဩဂုတ် ၂၂ရက်က ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (၁၉၉)

* *ရှေ့ဖုံးမှ*

မြို့များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ လွယ်ဂျယ်မြို့၏ အရှေ့ဘက်တွင် တရုတ်နိုင်ငံ တည်ရှိသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လုံချွမ်ခရိုင် ကျန်းဖုန်းမြို့နယ် လာရင်းကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကုန်စည်ကူးသန်း

မြန်မာနိုင်ငံ ကချင်ပြည်နယ်အတွင်းမှထွက်ရှိသော ကုန်စည်များနှင့် တရုတ်နိုင်ငံထွက် ကုန်စည်များ အပြန်အလှန် ကူးသန်းရောင်းဝယ်ရာ အဓိကနယ်စပ်ထွက်ပေါက် တစ်ခုအဖြစ် လွယ်ဂျယ်မြို့ကို တွေ့ရသည်။ တရုတ်နိုင်ငံဘက်ခြမ်းမှ မြို့များသို့ ကူးသန်းရောင်းဝယ်ရာ လွယ်ဂျယ်မြို့သည်လည်း ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာ၏။ ဤသို့ဖြင့် လွယ်ဂျယ်မြို့၏ အခြေခံ အဆောက်အအုံများဖြစ်သည့် နေအိမ်တိုက်တာများ၊ လမ်းများ၊ ဈေးနှင့် အခြားသော အစိုးရ ရုံးဌာနများ သစ်လွင်လှပနေလျက်ရှိသည်။

စည်ပင်ဖွံ့ဖြိုး

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်းပါးများရေးသားရန် ကချင်ပြည်နယ်သို့ရောက်ရှိခဲ့ရာ လွယ်ဂျယ်မြို့၏ စည်ပင်ဖွံ့ဖြိုးလာသည့် မြင်ကွင်းများကိုလည်း ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ လေ့လာခဲ့ရပြီဖြစ်သည်။

တိုးတက်ပြောင်းလဲ

"နိုင်ငံတော် အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ လွယ်ဂျယ်ကျေးရွာအုပ်စုကို မြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးခဲ့ပါတယ်။ ယခုအခါမှာတော့ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၁၃အုပ်စု၊ ကျေးရွာပေါင်း ၉၂ရွာနဲ့ မြို့အဆင့် တိုးတက်ပြောင်းလဲလာနေပါပြီ"ဟု မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"လွယ်ဂျယ်မြို့ဟာ နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရာကနေ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများလည်း

"လွယ်ဂျယ်မြို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။"

ဦးသိန်းစိုး (လွယ်ဂျယ်မြို့နယ် အုပ်ချုပ်ရေးမှူး)

လိုက်ဖက်ညီစွာ တိုးတက်လာခဲ့ပါပြီ"ဟု ဦးသိန်းစိုးက ဆက်လက်ရှင်းပြသည်။

ကျန်းမာ၊ ပညာ

ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် (၂၅) ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ ပညာရေးကဏ္ဍတွင်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက မူလတန်းကျောင်းတစ်ကျောင်းသာရှိခဲ့ရာမှ ယခုအခါ အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းခွဲကျောင်းလေးကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး

ထို့အပြင် စိုက်ရေး၊ ပျိုးရေးကဏ္ဍတွင်လည်း လွယ်ဂျယ်မြို့သည် တိုးတက်အောင်မြင်လျက်ရှိသည်။ လွယ်ဂျယ်တွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မိုးစပါး ဧက ၄၂၁၀၊ ပြောင်း ၃၇၁ ဧကနှင့် ကြံဧက ၄၈၅၀ အထိ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ တစ်မိုးနှစ်သီးစပါးစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ip Star စက်များဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပေးလျက်ရှိသည်။ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် စာတိုက်ကြေးနန်းရုံးများ၊ ကျေးရွာစာကြည့်တိုက်များလည်း ဖွင့်လှစ်ပေးထားပြီဖြစ်သည်။

တိုးတက်ပြောင်းလဲ

မြို့နယ်စည်ပင်အနေဖြင့် မြို့တွင်းလမ်းများ၊ ဈေးများ၊ မြေယာရှင်းများ တိုးတက်သာယာလှပရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် မြို့တွင်းလမ်းများ ယခင်နှင့်မတူ တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ယနေ့လွယ်ဂျယ်

သို့ဖြစ်ရာ လွယ်ဂျယ်မြို့သည် တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသော မြို့များတွင် ခေတ်မီစွာ တိုးတက်ပြောင်းလဲလာသော မြို့အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဖြစ်ထွန်းရာ မြို့အဖြစ်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး တိုးတက်ကောင်းမွန်ရာ ဒေသအဖြစ်လည်းကောင်း ရပ်တည်ဖြစ်ထွန်းလျက်ရှိပါကြောင်း ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြို့နယ်စည်ပင်အနေဖြင့် မြို့တွင်းလမ်းများ၊ ဈေးများ၊ မြေယာရှင်းများ တိုးတက်သာယာလှပရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မြို့တွင်းလမ်းများ ယခင်နှင့်မတူ တိုးတက်ပြောင်းလဲ လာခဲ့ပြီ။

လွယ်ဂျယ်နယ်စပ် မြို့အဝင်လမ်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အာလူးစားသုံးခြင်းဖြင့် ကိုယ်အလေးချိန် လျှော့ကျနိုင်ဟုဆို

ကိုယ်အလေးချိန်လျှော့ချရာတွင် အာလူးကို စားသုံးခြင်းသည် အကျိုးသက်ရောက်မှုရှိကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အသစ်တစ်ရပ်၌ ဖော်ပြထားသည်။

ပါဝင်

အာလူးတွင် ဂလူးကို့စ်၊ ကယ်လိုရီ၊ ဗီတာမင်ဘီ-၆နှင့် ကာဗိုဟိုက်ဒရိတ်ဓာတ်များပါဝင်လျက်ရှိရာ ခန္ဓာကိုယ်၏ လိုအပ်သော အကျိုးပြုဓာတ်များကို ဖြန့်ဝေပေးနိုင်ကြောင်း၊ ရေရှည်အတွက် သင့်တင့်မျှတစွာ စားသုံးပါက ခန္ဓာကိုယ်အလေးချိန် ကျဆင်းစေကြောင်း ၄င်းတို့က ပြောကြားသည်။

အဓိက

အာလူးကို သင့်တင့်စွာစားသုံးခြင်းဖြင့် အဓိကအချက်မှာ ဆာလောင်မှုကို ပပျောက်စေနိုင်ပြီး အချိန်အတန်ကြာ အစာမစားဘဲ လိုအပ်သည့် ကယ်လိုရီများကို ဖြည့်ဆည်းပေးနိုင်ကြောင်း ၄င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ပြောကြား

ထို့အပြင် အာလူးစားသုံးခြင်းကြောင့် အစာအိမ်နှင့် အူနံရံတို့မှ အစာစုပ်မှုလည်း အချိန်ကြာမြင့်သည်ဖြစ်ရာ နောက်ထပ်အစာကို ထပ်မံလိုအပ်မှု အချိန်ကွာဝေးစေကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မျက်စိ၌ အကြောက်ရဆုံး ရောဂါ

ဒေါက်တာကံညွန့်

မျက်စိ၌ ဘယ်ရောဂါသည် ကြောက်စရာအကောင်းဆုံးလဲဟု မေးလာပါအုံ။ ကျွန်တော့်အနေဖြင့်မူ မျက်ကြည်လွှာအနာရောဂါသည် ကြောက်စရာအကောင်းဆုံးဟု ဖြေရပါလိမ့်မည်။ ဘာကြောင့်လဲဟု ဆက်မေးလာပါက ၎င်းရောဂါသည် ခံစားရသူအတွက်ရော၊ ကုရသူအတွက်ပါ စိတ်ဒုက္ခရောက်ရသောကြောင့် ဖြစ်ပါသည်။

ယင်းသို့ဆိုလျှင် ခံစားသူဘက်က ဘယ်လိုခံစားရပါသလဲ။ မေးစရာရှိလာပါသည်။ ခံစားရသူမှာ ဆိုးရွားစွာ နေမထိထိုင်မသာ ခံစားရပြီး မျက်စိကွယ်စေရန် အလွယ်ဆုံးသော ရောဂါဖြစ်ပါသည်။ မျက်ကြည်လွှာအနာ (မျက်ကြည်နာ)သည် ရောဂါဖြစ်စဉ် မျက်စိခုခြင်း၊ စူးခြင်း၊ နေရောင်မကြည့်နိုင်ခြင်း၊ မျက်ရည်ပူကျခြင်း၊ မျက်စိနီ၍ အနည်းငယ် မှုန်ဝါးခြင်းလောက်သာ ဖြစ်တတ်သော်လည်း ရက်ပိုင်းအတွင်း ပိုဆိုးလာသောအခါ မျက်စိနီရဲ၍ စူးခြင်း၊ ကျိန်းခြင်း၊ ကိုက်ခြင်း၊ နေရောင်မကြည့်နိုင်ခြင်း၊ ခေါင်းကိုက်ဇက်ထိုးဖြစ်ခြင်းတို့ပိုဖြစ်လာကာ ယင်းနှင့်အတူ မစားနိုင်မသောက်နိုင်ဖြစ်ပြီး စိတ်ရောကိုယ်ပါ နွမ်းနယ်နုံးချည့်သွားသော ရောဂါဖြစ်ပါသည်။ ကုရသူဘက်ကရော ဘယ်လိုစိတ်ဒုက္ခမျိုး ဖြစ်ပါသလဲဟု ဆက်မေးလာလျှင် မျက်ကြည်နာရောဂါလူနာပေါင်းများစွာကို ကုသခဲ့ရာ ကုသလိုက်တိုင်း စိတ်မချမ်းသာဖြစ်မှုကိုသာ အများဆုံးပေးသော ရောဂါဖြစ်သောကြောင့်ဟု ဖြေရပါလိမ့်မည်။

တခြားမျက်စိရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်ရောဂါတို့ကို ခွဲစိတ်ကုသပြီးလျှင်လည်းကောင်း၊ တချို့ဆေးဝါးဖြင့် ကုသရသည့် မျက်စိအတွင်းရောင်ရောဂါ၊ မျက်စိနာရောဂါစသည့် ရောဂါများကို ကုသပေးလိုက်ပြီးလျှင်လည်းကောင်း မကြာမီအတွင်းမှာပင် မျက်စိအမြင် ပြန်ကောင်းလာခြင်း၊ မျက်စိနှင့်ပတ်သက်သည့် ခံစားရသည့်ဝေဒနာများ ပျောက်ကင်းခြင်းတို့ကိုသာ တွေ့ရပြီး လူနာအတွက်ရော ကုပေးလိုက်သူ ကျွန်တော့်အတွက်ပါ ဝမ်းသာပီတိ ဖြစ်ရပါသည်။ မျက်ကြည်နာရောဂါမှာ သင့်တော်သော ပိုးသတ်ဆေးအမျိုးမျိုးကို ဓာတ်ခွဲခန်းတွင် ပိုးမွှားစမ်းသပ်၍ ထိရောက်စွာ ကုသပါသော်လည်း ပျောက်ကင်းသူနည်းပြီး ပိုဆိုးလာသူသာများသဖြင့် စိတ်မချမ်းသာ ဖြစ်ရလွန်း၍ ဖြစ်ပါသည်။

ယခုအချိန်သည် မိုးတွင်းကာလဖြစ်သည်။ ကျေးလက်တောရွာမှ တောင်သူလယ်သမားများ လယ်ကွင်း၌ အလုပ်ဆင်းရသောအချိန်ဖြစ်သည်။ တောင်သူလယ်သမားများ၏အလုပ်မှာ အများအားဖြင့် လယ်ယာထွန်ယက်ခြင်း၊ မြေကြီးတူးဆွခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရခြင်း စသည့် အလုပ်များကို မိုးလင်းမိုးချုပ် နေ့စဉ်လုပ်ကိုင်နေကြရသဖြင့် မျက်စိ၌ အမှိုက်ဝင်ခြင်း၊ ရွံ့ဝင်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်ရန် ပို၍အခွင့်အလမ်း ရှိနေကြပါသည်။

ယခုတင်ပြမည့် မျက်ကြည်လွှာအနာရောဂါမှာလည်း အမှိုက်ဝင်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန့်ရှင်းသောရေဝင်ခြင်း၊ မသန့်ရှင်းသောလက်ဖြင့် မျက်စိအား ခဏခဏ ပွတ်ခြင်းတို့မှ စတင်ဖြစ်ပေါ်တတ်သဖြင့် အထူးသတိထားစရာ အချိန်ဖြစ်ပါသည်။ ထိုသို့ဖြစ်လျှင် မျက်စိကို သန့်ရှင်းသောရေဖြင့် ချက်ချင်းဆေးကြောခြင်း၊ Antibiotic ပိုးသေဆေး သက်သက်သာပါသော မျက်စဉ်းဆေး တစ်မျိုးမျိုးကို ခတ်လိုက်ခြင်းဖြင့် မျက်ကြည်လွှာအနာ ဖြစ်လာခြင်းမှ လုံးဝကာကွယ်နိုင်ပါသည်။

သို့သော် ထိုသို့ပြုလုပ်ရမှန်း မသိရှာသည့် ပိုးသေဆေးမျက်စဉ်းလည်း အလွယ်တကူ မရနိုင်သည့် တောရွာမှ တောင်သူဦးကြီးတို့မှာ အမှုမဲ့၊ အမှတ်မဲ့ နေလိုက်မိကြသဖြင့် မျက်ကြည်နာဖြစ်ကာ ရောဂါပိုဆိုးလာသည့်ဘဝ ရောက်ရတော့သည်။

မျက်ကြည်နာစတင်ဖြစ်ပေါ်မှန်း စောစောသိပြီး သက်ဆိုင်ရာ မျက်စိဆရာဝန်များဖြင့် ကုသမှုခံယူလိုက်ပါက ယင်းမျက်ကြည်နာမှာ ဆိုးရွားသော အခြေအနေမျိုးသို့ မရောက်ခင် ပျောက်ကင်းသွားနိုင်ပါသည်။ ယခုမူ အကြောင်းအမျိုးမျိုးကြောင့် ဥပမာ-မျက်စိကုရန်လိုအပ်ကြောင်း မသိနားမလည်၍သော်လည်းကောင်း၊ မျက်စိကုဌာနနှင့် ဝေး၍သော်လည်းကောင်း မကုသလိုက်ကြသဖြင့် မျက်စိမှာအခြေအနေဆိုးပြီး ကုသရန်ခက်သည့် အခြေအနေမျိုးရောက်တော့မှ လာပြသည့်လူနာများ များနေသဖြင့် မျက်ကြည်နာရောဂါမှာ ကုရခက်သည့်ရောဂါအဖြစ်သို့ ရောက်ရတော့သည်။

မျက်ကြည်နာရောဂါသည် စောစီးစွာကုသပါက လုံးဝပျောက်ကင်းနိုင်သော ရောဂါဖြစ်ပြီး ကုသရန်တစ်နေ့နောက်ကျပါက တစ်နေ့ပိုဆိုးနိုင်သော ရောဂါလည်းဖြစ်ပါသည်။ တခြားနိုင်ငံများတွင်လည်း မျက်ကြည်နာရောဂါ မရှိမဟုတ် ရှိပါသည်။ နိုင်ငံခြားတွင်ဖြစ်သည့် မျက်ကြည်နာမှာ အများအားဖြင့် မျက်ကပ်မှန်တပ်ဆင်သူများ၌ အဖြစ်များကြသည်။ သို့သော်လည်း သူတို့နိုင်ငံတွင် ကျန်းမာရေးအသိရှိကြသဖြင့် ဖြစ်လျှင်ဖြစ်ချင်း မျက်စိဌာနသို့သွားရောက်ကုသမှုခံယူကြသဖြင့် ဆိုးရွားစွာ မခံစားရတော့ဘဲ ရောဂါပျောက်ကင်းသွားကြပါသည်။

ထို့ကြောင့် ယခုမိုးတွင်းကာလ တောင်သူဦးကြီးများ လုပ်ငန်းခွင်ဝင်ရမည့်အချိန်တွင် မျက်ကြည်နာနှင့်ပတ်သက်၍ ကြိုတင်သတိထားနိုင်ရန် ဤဆောင်းပါးဖြင့် သတိပေး ဖော်ပြလိုပါသည်။

မျက်စိကို ရှေ့တည့်တည့်မှ ကြည့်လိုက်သောအခါ အဖြူနှင့်အနက်ဟူ၍ နှစ်ပိုင်းမြင်ရပါလိမ့်မည်။ အဖြူပိုင်းသည် မျက်မြေးလွှာအုပ်ထားသည့် စကလာရာ(Sclera) ခေါ်သော မျက်စိတစ်ခုလုံး၏ အမာခံအခွံပိုင်းဖြစ်၍ ဝိုင်းစက်နေသော အနက်ပိုင်းမှာမူ ကော်နီးရာ(Cornea) ခေါ်သော မျက်ကြည်လွှာပိုင်းဖြစ်နေသည်။

မျက်ကြည်လွှာသည် သူ့အတိုင်းဆိုလျှင် မှန်ကဲ့သို့ ပကတိကြည်လင်နေ၍ အနက်ရောင်မြင်နေရခြင်းမှာ မျက်စိအတွင်းပိုင်းရှိ အိုင်းရစ်(IRIS)ခေါ် မျက်နက်လွှာကို ထိုးဖောက်မြင်နေရခြင်းကြောင့် ဖြစ်လေသည်။

အရာဝတ္ထုတစ်ခုကို မြင်နိုင်ရန် ပထမဦးစွာ မျက်ကြည်လွှာ၊ ယင်းမှတစ်ဆင့်မျက်သူငယ်အိမ်၊ မျက်စိအတွင်းရှိမှန်ဘီလူး၊ မျက်စိအာရုံခံလွှာ၊ မျက်စိအာရုံကြော ယင်းမှတစ်ဆင့် ဦးနှောက်စသည်တို့ကို အဆင့်ဆင့် ဖြတ်သန်းရန် လိုအပ်ပေသည်။

ယင်းသို့ အလင်းတန်းဖြတ်သန်းခဲ့ရာ လမ်းတစ်လျှောက်တွင် ချို့ယွင်းချက်တစ်ခုခုရှိနေပါက၊ သို့တည်းမဟုတ် အလင်းတန်းမဖြတ်နိုင်အောင် ပိတ်ဆို့မှုတစ်ခုခုရှိနေပါက အလင်းကိုအလင်းဟု ခံစားနိုင်စွမ်းငှာ တတ်နိုင်တော့မည်မဟုတ်ပေ။ ယင်းအဖြစ်သည် မျက်စိကွယ်ရခြင်း၏ အကြောင်းရင်းပေတည်း။

ယခုဖော်ပြမည့်အကြောင်းမှာ မျက်စိတွင် အရေးပါဆုံးလည်းဖြစ်၊ မျက်စိကွယ်ရန် အလွယ်ကူဆုံးလည်းဖြစ် လူငယ်လူရွယ်များ မျက်စိကွယ်ရခြင်း အကြောင်းများတွင် ထိပ်ဆုံးမှလည်း ပါဝင်နေသည့် မျက်ကြည်လွှာ အကြည်ဓာတ်ပျက်စီးရသည့်မျက်ကြည်နာရောဂါ(CORNEAL ULCER)အကြောင်းပင် ဖြစ်ပါသည်။

မျက်ကြည်နာဖြစ်ခြင်းသည်-

၁။ ထိခိုက်ဒဏ်ရာရခြင်းကြောင့်သော်လည်းကောင်း

၂။ ပိုးကောင်၊ သံမှုန်သံစ၊ ရွံ့၊ သဲတစ်ခုခု ဝင်ခြင်းကြောင့်သော်လည်းကောင်း

၃။ မသန့်ရှင်းသောလက်၊ အဝတ်တို့ဖြင့် မျက်စိကိုပွတ်တိုက်မိကာ ဗက်တီးရီးယား၊ ဖန်ဂျိုင်း၊ ဗိုင်းရပ်စ်၊ အမီးဘားစသည့် ပိုးမွှားများ ဝင်ရောက်ခြင်းကြောင့်သော်လည်းကောင်း

၄။ ကလေးများတွင် အာဟာရချို့တဲ့ခြင်း၊ အထူးသဖြင့် ဗီတာမင်အေဓာတ်ချို့တဲ့ခြင်းကြောင့်သော်လည်းကောင်း

၅။ မျက်တောင်စိုက်ရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ မျက်ရည်အိတ်ရောင်ရောဂါ၊ မျက်မြေးရောင်ရောဂါတို့ကို တာရှည်မကုသဘဲထား၍သော်လည်းကောင်း

၆။ သွေးတိုး၊ ဆီးချို သို့မဟုတ် တခြားရောဂါတစ်ခုခုကြောင့် မျက်နှာတစ်ခြမ်းလေဖြတ်သဖြင့် မျက်စိကိုလုံအောင်မပိတ်နိုင်သော အခါတွင်သော်လည်းကောင်း (Neuroparalytic Keratitis)

၇။ မျက်ကြည်လွှာ၏ အာရုံကြောတို့သည် အနာကြီးရောဂါကဲ့သို့ ရောဂါတစ်ခုခုကြောင့် အာရုံခံနိုင်စွမ်းမရှိတော့သောအခါ၌သော်လည်းကောင်း (Neurotrophic Keratitis)

၈။ မျက်ကပ်မှန်တပ်ဆင်သူတို့တွင် ချို့ယွင်းချက်တစ်ခုခုကြောင့်သော်လည်းကောင်း (မျက်ကပ်မှန်ပွန်းပဲ့နေခြင်း၊ မျက်ကပ်မှန်စိမ်ရည်၊ ဆေးရည်တို့တွင် ပိုးမွှားဝင်နေခြင်း၊ မျက်ကပ်မှန်တပ်ရာ၊ ဖြုတ်ရာတွင် ထိခိုက်မိခြင်း၊ မသန့်ရှင်းသောလက်ဖြင့် ဖြုတ်တပ်ပြုလုပ်မိခြင်း) ဖြစ်တတ်ပါသည်။

မျက်ကြည်နာဖြစ်လျှင်ဖြစ်စဉ်-

မျက်စိနီခြင်း၊ ကိုက်ခြင်း၊ မျက်စိအနည်းငယ်မှုန်သွားခြင်း (ရိုးရိုးမျက်စိနာတွင် မျက်စိမှုန်သွားခြင်းမရှိပါ)၊ မျက်စိစူးခြင်း၊ တစ်ခုခုဝင်နေသကဲ့သို့ ခိုးလိုးခုလုနေခြင်း၊ နေရောင်မကြည့်နိုင်ခြင်း၊ မျက်စိကျိန်းခြင်း၊ မျက်ရည်ပူများကျခြင်း၊ ခေါင်းကိုက်ဇက်ထိုး၍ နေမထိထိုင်မသာ ဖြစ်ခြင်းတို့ဖြင့် အစပြုပြီး ၎င်းလက္ခဏာများ ပိုဆိုးလာကာ မျက်ကြည်လွှာတွင် အဖြူဖတ်ကြီးပေါ်လာပြီး မျက်စိမှာ ပို၍ မှုန်ဝါးသွားတော့သည်။ ဤအခြေအနေမျိုး မရောက်ခင် ဆေးကုသရန် အထူးလိုအပ်ပါသည်။

ဆေးမကုဘဲတစ်ရက်ထားပါက တစ်ရက်ပိုဆိုးလာနိုင်သော အခြေအနေဖြစ်ပါသည်။ ရောဂါဆိုးရွားမှုမြန်ဆန်ခြင်းမှာ မျက်ကြည်နာဖြစ်စေသည့် ပိုးမွှားအမျိုးအစား၏ စွမ်းအားပေါ်၌လည်းကောင်း၊ လူနာ၏ခုခံနိုင်မှု စွမ်းအားပေါ်၌လည်းကောင်း မူတည်နေပါသည်။ ဆီးချိုရှိသူ၊ အာဟာရချို့တဲ့သူ၊ အသက်ကြီးသူတို့တွင် ပိုဆိုးတတ်ပါသည်။ ရောဂါပိုဆိုးလာသောအခါ မျက်ကြည်လွှာတစ်ခုလုံး ရောင်ရမ်းပေါက်ပြဲသွားခြင်း သို့မဟုတ် မျက်စိတစ်ခုလုံး ပြည်တည်ကာ ရောင်ရမ်းကိုက်ခဲပြီး မျက်စိအမြင် လုံးဝဆုံးရှုံးကာ မျက်စိကို လုံးဝထုတ်ပစ်ရသည်အထိ ဖြစ်လာနိုင်ပါသည်။

မျက်ကြည်လွှာအနာကြောင့် မျက်စိထုတ်ပစ်ရသည့် လူနာများမှာ မနည်းတော့ပေ။ ၂၀၀၈ခုနှစ် မှတ်တမ်းများအရ ရန်ကုန်မျက်စိဆေးရုံကြီးတစ်နေရာတည်း၌ပင် မျက်စိထုတ်ပစ်ရသူ ၆၅ဦးရှိခဲ့ရာ ၆၂ဦးမှာ မျက်ကြည်လွှာအနာရောဂါကြောင့် ဖြစ်လေသည်။ ရာနှုန်းအားဖြင့်ဆိုလျှင် မျက်စိထုတ်ပစ်ရသူအားလုံး၏ ၉၅ရာခိုင်နှုန်း ဖြစ်လေသည်။

မျက်ကြည်နာရောဂါသည် စောစောကုပါက ပျောက်ကင်းနိုင်သော ရောဂါဖြစ်သည်။ အနည်းငယ်နောက်ကျပါကလည်း မျက်ကြည်လွှာ အမာရွတ် (corneal opacity) လောက်သာဖြစ်ကာ မျက်ကြည်လွှာအစားထိုးကုသခြင်းဖြင့် မျက်စိအမြင် ပြန်ကောင်းနိုင်သောရောဂါ ဖြစ်ပါသည်။

ထို့ကြောင့် ဆိုးရွားပြီးကုရခက်သည့် မျက်ကြည်နာမဖြစ်အောင် မျက်စိအမှိုက်ဝင်ခြင်း၊ ထိခိုက်မိခြင်း၊ ဆီပူလောင်ခြင်းစသည့် တစ်ခုခုဖြစ်လျှင် သက်ဆိုင်ရာ မျက်စိဌာနတစ်ခုခုသို့ အမြန်သွားရောက်ပြသသင့်ပြီး မျက်စိဌာနနှင့် ဝေးလံပါက မျက်စိကို သန့်ရှင်းသောရေဖြင့်ဆေးကာ ပိုးသေဆေး (Antibiotic) သက်သက်သာပါသော မျက်စဉ်းကို အနည်းဆုံးတစ်နာရီ တစ်စက်ခန့်ခတ်ပေးခြင်းဖြင့် ကုသထားရန် လိုပါသည်။ (Antibiotic) ပိုးသေဆေးသက်သက်သာပါသော ဆေးများမှာ တက်ထရာဆိုင်ကလိန်း (Tetracycline)၊ ကလိုရိုဖင်နီကော (Chlorophenicol)၊ ဂျင်တာမိုင်ဆင် (Gentamycin)၊ ဆိုဖရာမိုင်ဆင် (Soframycin)၊ တိုဘရာမိုင်ဆင် (Tobramycin)၊ စီပရိုဖလောစဆင် (Ciprofloxacin)၊ အိုဖလောဆင် (Ofloxacin)၊ လိုမီဖလောဆင် (Lomifloxicin)၊ မိုဆီဖလောဆင် (Moxifloxacin) စသော ဆေးများဖြစ်ပါသည်။ [စတီးရွိုက်(Steroid)၊ ကော်တီဇုန်း (Cortistone)၊ ဒက်ဆာမက်သာဇုန်း (Dehamethazone) ပါသော ဆေးများလုံးဝမခတ်ရပါ။ ၎င်းဆေးများ ခတ်လိုက်ပါက မျက်ကြည်နာမှာ ပိုဆိုးသွားနိုင်ပါသည်။] ထိုသို့ ကုသော်လည်း မျက်စိသည် ခိုးလိုးခုလုဖြစ်နေခြင်း၊ မျက်စိနီခြင်း၊ မျက်ရည်ပူကျခြင်း၊ မျက်စိမဖွင့်နိုင်အောင်၊ နေရောင်မကြည့်နိုင်အောင်ဖြစ်နေပါက သက်ဆိုင်ရာ မျက်စိကု ဌာနများသို့ အမြန်ဆုံးသွားရောက်ပြသ၍ စောစီးစွာ ကုသမှုခံယူကြရန် လိုအပ်ပါသည်။

သို့မှသာ ဆိုးရွားပြင်းထန်သော မျက်ကြည်နာရောဂါမျိုးဖြစ်လာခြင်းမှ ကာကွယ်နိုင်ပြီး မျက်စိထုတ်ပစ်ရခြင်းမှ လွတ်ကင်းနိုင်မည်ဖြစ်ကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

မျက်ကြည်နာ စတင်ဖြစ်ပေါ်မှန်း စောစောသိပြီး သက်ဆိုင်ရာ မျက်စိဆရာဝန်များဖြင့်ကုသမှု ခံယူလိုက်ပါက ယင်းမျက်ကြည်နာမှာ ဆိုးရွားသောအခြေအနေမျိုးသို့ မရောက်ခင် ပျောက်ကင်း သွားနိုင်။ မျက်စိမှာ အခြေအနေဆိုးပြီး ကုသရန်ခက်သည့် အခြေအနေမျိုးရောက်တော့မှ လာပြ သည့် လူနာများ များနေသဖြင့် မျက်ကြည်နာရောဂါမှာ ကုရခက်သည့် ရောဂါအဖြစ်သို့ ရောက်ရ။

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် ဇူလိုင်၂၈ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း ဖွဲ့ကပင်လမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျောင်းများ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြစ်သော ရေလမ်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးကျော်သူ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၁၈ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကျိုင်းတုံမြို့ မြို့တော်ခန်းမရှေ့၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၉) လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အကြိုခြေစမ်းပွဲ ဒဲလ်တာယူနိုက်တက်နှင့် ဇေယျာရွှေမြေ သရေပွဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအကြို ခြေစမ်းပွဲအဖြစ် ဧရာဝတီတိုင်း ကိုယ်စားပြု Delta United F.C နှင့် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ F.C တို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်သွားပါတယ်။

Delta United -တစ်ဂိုး။ ဇေယျာရွှေမြေ -တစ်ဂိုး။

ပြီးခဲ့တဲ့ MNL Cup ပြိုင်ပွဲမှာ ဒီနှစ်သင်းတွေ့ဆုံတုန်းက ဇေယျာရွှေမြေက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ရလဒ်ပိုင်းဆိုးရွားပြီး အမှတ်ပေးဇယားအောက်ဆုံးမှာ ရောက်ရှိခဲ့တဲ့ Delta United အသင်းကတော့ အခုပွဲမှာ အသွင်သစ်နဲ့ မြင်တွေ့ခဲ့ရတာဖြစ်ပါတယ်။ ခြေစွမ်းပိုင်းအရ အကောင်းကြီးမဟုတ်သေးပေမယ့် အသစ်ခန့်အပ်ထားတဲ့ CEO နဲ့ နည်းစနစ်အကြံပေး ဦးခင်မောင်ကြိုင်၊ အုပ်ချုပ်သူ ဦးတင်မြင့်အောင်တို့ ရောက်ရှိလာပြီးနောက်ပိုင်းမှာ စိတ်ဓာတ်နဲ့ ကြိုးစားမှုတွေ သိသိသာသာ တိုးတက်လာခဲ့တာကိုတွေ့ရသလို စမ်းသပ်လေ့ကျင့်နေတဲ့ နိုင်ငံခြားသား ကစားသမားတွေကလည်း အသင်းနဲ့အံဝင်အောင် ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။

ဇေယျာရွှေမြေမှ နိုင်စိုးဝေ Delta United အသင်းနောက်တန်းကို ဤသို့ ထိုးဖောက်ခဲ့သော်လည်း....။ (မြန်မာ့အလင်း)

ဇေယျာရွှေမြေအသင်းကတော့ ရန်ကုန်ယူနိုက်တက်နဲ့ ခြေစမ်းပွဲထက် ကစားပုံပိုကောင်းလာသလို နိုင်ငံခြားသား ကစားသမားတွေနဲ့လည်း အံဝင်အောင်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် ဒဏ်ရာကြောင့် နားနေရတဲ့ အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂ ပြန်လည် ပါဝင်လာတာကြောင့်လည်း ခံစစ်ပိုင်းအမှားနည်းခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းမှာ နိုင်ငံခြားသား ကစားသမားတွေဖြစ်တဲ့ ဂျွန်နသန်၊ ဝီလျံ၊ ဘီလင်ဂါနှင့် မာတင်တို့ ပါဝင်ကစားခဲ့ကြပြီး Delta United အသင်းမှာလည်း အာဖရိက ကစားသမားတွေဖြစ်တဲ့ စတန်လေ၊ ဂျိမ်းစ်၊ ဗီကျူစ်၊ အယ်လ်မစ်၊ ကာရင်နဲ့ ကင်းစတန်တို့ ပါဝင်ကစားခဲ့ကြပါတယ်။

ပွဲထုတ်ခဲ့

ဇေယျာရွှေမြေအသင်းမှာ အောင်မျိုးသန့်၊ Delta United F.C မှာ စိုးသီဟအောင်စတဲ့ အမာခံကစားသမားအချို့ မပါဝင်ပေမယ့် အသင်းကစားပုံကတော့ ဟန်ချက်ညီညီ ကစားနိုင်ခဲ့ပါတယ်။ လှအေးထွေး၊ မင်းမင်းသူ၊ မြင့်နိုင်နဲ့ တင်ဇော်မိုးတို့ရဲ့ ကွင်းလယ်ဟာ တိုက်စစ်ကို ပံ့ပိုးပေးနိုင်သလို ရှေ့တန်းလူ စတန်လေကလည်း ခြေစွမ်းပြကစားနိုင်ခဲ့လို့ Delta United တိုက်စစ်ထိရောက်ခဲ့ပါတယ်။ တွဲလုံးတွေနဲ့ထိုးဖောက်နေတဲ့ ဇေယျာရွှေမြေအသင်းဟာ Delta United ကိုအပြန်အလှန် ကစားနိုင်ခဲ့ပြီး ၂၄မိနစ်မှာ ကွင်းလယ်လူ ဂျွန်နသန်က ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့ပါတယ်။ Delta United အသင်းရဲ့တိုက်စစ်ကစားပုံကလည်း အမှားအယွင်းမရှိခဲ့ဘဲ ဇေယျာရွှေမြေဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ၃၃မိနစ်မှာတော့ တောင်ပံကစားသမား မြင့်နိုင်က Delta United အတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ နှစ်သင်းစလုံးဟာ ဂိုးရရှိဖို့ ကြိုးစားကြသလို အရန်ကစားသမားတွေကိုလည်း ပွဲထုတ်ခဲ့ပါတယ်။ ဒါပေမယ့် ဂိုးထပ်မသွင်းနိုင်လို့ သရေနဲ့ပဲ ပွဲပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။ ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မကွေး F.C - အရှေ့ဘင်ဂေါ။

(မြန်မာ့အလင်း)

မုတ်သုံလေအားနည်းနေမည်

ရန်ကုန် ဩဂုတ် ၂၂

<u>ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

<u>ဩဂုတ် ၂၃ရက် ညနေအထိခန့်မှန်းချက်မှာ</u> ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မုတ်သုံလေအားနည်းနေသည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

စာကြည့်တိုက်များစံ(၅)ရပ်နှင့်ပြည့်စုံရေး မှော်ဘီမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်သီတာဦးနှင့်ဝန်ထမ်းများသည် ဩဂုတ် ၂၀ရက်က မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာလင်းရောင်ခြည်စာကြည့်တိုက်တွင် စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ရပ်နှင့်ပြည့်စုံရေး၊ စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးဟောပြောပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းက ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပြန်လည်ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ ဆက်)**

မန်ယူ ဝီဂန်ကွင်း၌ ခြေစွမ်းပြ ဂိုးပြတ်သွင်း အာကြီးတို့ အမှတ်ပေးဇယား၌ဦးဆောင်

ဖောင်ပိတ်အားကစားသတင်း - မြင့်မောင်စိုးရေးသားသည်။

လန်ဒန် ဩဂုတ် ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၃) ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၂၂ရက် ညနေက ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိ ချန်ပီယံ မန်ယူက ဝီဂန်အသင်း၏ အိမ်ကွင်း၌ ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့၍ မန်ယူပရိသတ်များ ကျေနပ်မှု အပြည့်အဝ ရရှိသွားခဲ့သည်။

စတင်သွင်းယူ

ဝီဂန်အသင်းသည် အိမ်ကွင်း၌ မန်ယူကို ပထမပိုင်းပွဲပြီးသည်အထိ ဂိုးမပေးဘဲ တောင့်ထားနိုင်ခဲ့သည်။ သို့သော်လည်း ဒုတိယပိုင်းတွင် ချန်ပီယံမန်ယူတို့ တိုက်စစ်အရှိန်မြင့် ကစားလာပြီး ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် ဝီဂန်နောက်တန်းကို ဆက်တိုက် ထိုးဖောက်ကစားခဲ့၍ ပွဲချိန် ၅၆မိနစ်တွင် တိုက်စစ်မှူး ရွန်နေက ဝီဂန်ဂိုးဧရိယာအတွင်းမှ ခေါင်းတိုက်ဂိုး စတင်သွင်းယူလိုက်သည်။

ထပ်မံသွင်းယူ

မန်ယူတို့ ဦးဆောင်ဂိုးရလိုက်သဖြင့် ကစားကွက်ပိုမြူးလာပြီး ဝီဂန်၏ ခံစစ်ကိုကျော်ဖြတ်ကာ ပွဲချိန် ၅၇မိနစ်တွင် ဘာဘာတော့ဗ်က အနီးကပ်ကန်သွင်းလိုက်သဖြင့် ဝီဂန်ဂိုး ဝဲဘက်အပေါ်ထောင့်ထဲသို့ ဂိုးဝင်သွားခဲ့ပြန်သည်။ တိုက်စစ်မှူး ရွန်နေက ပွဲချိန်၆၄မိနစ်တွင် မန်ယူအတွက် ဂိုးဧရိယာအတွင်းမှ ထပ်မံသွင်းယူခဲ့ပြန်သည်။

ငါးဂိုးပြတ်နိုင်

နည်းပြဖာဂူဆန်သည် ပွဲချိန်၇၂မိနစ်တွင် ရွန်နေအစား အိုဝင်ကိုလည်းကောင်း၊ ပေါလ်စခိုးအစား ဂစ်ဆင်ကိုလည်းကောင်း၊ အီးဗရ်အစား အိုရှေးကို လည်းကောင်း လူစားလဲပြီး တိုက်စစ်အားဖြည့်ခဲ့သည်။ မန်ယူသည် တိုက်စစ်အား ဖြည့်ဆည်းပေးမှုကြောင့် ကစားကွက်ပိုမြိုင်လာသည်။ မန်ယူတို့ ကစားကွက်ပိုကောင်းလာသဖြင့် တိုက်စစ်မှူးအိုဝင်က ဘယ်ခြေဖြင့်လည်းကောင်း၊ နာနီက မန်ယူအတွက် ပဥ္စမမြောက်နှင့် ပွဲသိမ်းဂိုးကို အလွတ်တည်ကန်ဘောမှတစ်ဆင့်လည်းကောင်း သွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီး မန်ယူက ဝီဂန်ကို ငါးဂိုးအပြတ်အနိုင်ရခဲ့သည်။

မန်ယူအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးရွန်နေက ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲများ

အခြားပွဲများအဖြစ် အာဆင်နယ်ကအိမ်ကွင်း၌ ပို့စ်မောက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်တို့ ယင်းပွဲအနိုင်ရခဲ့သဖြင့် ပရီမီယာလိဂ်ရာသီအစ နှစ်ပွဲကစား နှစ်ပွဲဆက်တိုက် အနိုင်ရထားသည်။

အာဆင်နယ်အတွက် အဖွင့်ဂိုးကို ဒီယာဘိုင်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘာမင်ဂမ်သရေ

ဘာမင်ဂမ်က အိမ်ကွင်း၌ စတုတ်စီးတီးကို ဂိုးမသွင်းနိုင်ခဲ့၍ သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲဝေယူကြသည်။ သို့သော် ဟူးလ်စီးတီးက အိမ်ကွင်း၌ ဘော်လ်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ သုံးမှတ်ရရှိခဲ့သည်။ ဆန်းဒါးလန်းအသင်းက ဘလက်ဘန်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ထို့အတူ မန်စီးတီးကလည်း အိမ်ကွင်း၌ ဝုလ်ဗာဟမ်တန်အသင်းကို အဒီဘာယော၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဂျာမနီ ဘွန်ဒက်စ်လီဂါ အနိုင်အရှုံး

ဒေ့ါမွန်	၁-၁	စတုဂတ်	ကိုလုံ	၀-၀	ဖရန့်ဖွတ်
နုရင်ဘတ်	၀-၁	ဟန်နိုဗာ	ဖရိဘတ်	၀-၂	လီဗာကူဆင်
မိန့်ဇ်	၂-၁	ဘိုင်ယန်မြူးနစ်			

အင်တာနက်

23-8 (11).pmd 1 8/23/2009, 1:40 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အဝေးကွင်းမှာ အမှတ်ပြည့်ယူဦးမည့် ချယ်လ်ဆီး
ဘန်လေရဲ့ခြေမှန်ကို ဖွင့်ပြမည့် အဲဗာတန်

မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ

လန်ဒန် ဩဂုတ် ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၃)ရဲ့ လက်ကျန်ပွဲတွေဖြစ်တဲ့ ဖူလ်ဟမ်နဲ့ ချယ်လ်ဆီး၊ ဘန်လေနဲ့ အဲဗာတန်၊ ဝက်စ်ဟမ်းနဲ့ စပါးတို့ရဲ့ပွဲတွေ ဩဂုတ်၂၃ရက် (ယနေ့)မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်တွေနဲ့ ပတ်သက်ပြီး နောက်ဆုံးရသတင်း အချက်အလက်တွေနဲ့အတူ လက်ရှိအနေအထားကို ဖော်ပြရပါရင်-

ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ဒီပွဲမှာ အနယ်လ်ကာကို ထုတ်သုံးမယ်လို့ ပြောကြားနေပြီး ဒရော့ဘာကိုလည်း ပါဝင်ကစားစေမယ်လို့ ဆိုပါတယ်။ အဝေးကွင်းမို့ အမာခံကစားသမားတွေ အကုန်ထုတ်သုံးမှာဖြစ်သလို ဂိုးရသမျှ သွင်းယူမယ်လို့ ပြောကြားနေပါတယ်။ နှစ်ပွဲကစား နှစ်ပွဲနိုင်ပြီး သုံးဂိုးသွင်းယူထားနိုင်တဲ့ ချယ်လ်ဆီးဟာ ဖူလ်ဟမ်ကို အဝေးကွင်းဆိုပေမယ့်အနိုင်ကစားမှာပါ။ ချယ်လ်ဆီးမှာ ဒဏ်ရာရ ကစားသမား မရှိပါဘူး။ ဖူလ်ဟမ်မှာ ဇာမိုရာနဲ့ ဒမ်ပဆေးတို့က တစ်ဂိုးစီသွင်းယူထားနိုင်ပြီး နိုင်ပွဲလည်း ရရှိထားပါတယ်။ အိမ်ကွင်းမှာခြေမာတဲ့ဖူလ်ဟမ်ကို ချယ်လ်ဆီးတို့ သေသေချာချာ ပြင်ဆင်ကစားမှ မျှော်လင့်ချက် ပြည့်ဝနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ခြေပျက်ရင် ဂိုးပြတ်တတ်တဲ့ ဖူလ်ဟမ်ဟာ ချယ်လ်ဆီးကိုခြေရည်တူ ကစားနိုင်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ဖူလ်ဟမ်နဲ့ဆုံတိုင်း အနိုင်ရလေ့ရှိတဲ့ ချယ်လ်ဆီးကို ဒီပွဲမှာတစ်မှတ်ရဖို့ဖူလ်ဟမ်တို့ ဘယ်လိုကစားမလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။

ဖူလ်ဟမ်နှင့် ပွဲတွင် သုံးမှတ်အပြည့် ရယူရန် နည်းစနစ် အပြောင်းအလဲ ပြုလုပ်ကစားစေမည့် ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ။ (အင်တာနက် ဓာတ်ပုံ)

ဘန်လေနှင့် အဲဗာတန်

မန်ယူကို အနိုင်ရထားလို့ ဘန်လေတို့ စိတ်ဓာတ် မြင့်မားနေပါတယ်။ ဒါပေမယ့် အသင်းလိုက်ကစားအား မကောင်းတဲ့ ဘန်လေဟာ ဘီလာကီအားကိုးနဲ့ အနိုင်ရဖို့တော့ သိပ်မလွယ်ပါဘူး။ အဲဗာတန်ဟာ ရှုံးပွဲကြုံထားလို့ နိုင်ပွဲရဖို့ လိုအပ်နေပြီး တိုက်စစ်မှူး ဆာဟာကိုပဲ အားကိုးရမလို ဖြစ်နေပါတယ်။ ဘန်လေမှာ ပါကာဆန်နဲ့ စတီဖင်ဖလက်ချာ တိုက်စစ်အတွဲကလည်း ကွင်းလယ်က အလက်ဇန္ဒားနဲ့ မက်ကင်းတို့ အပြည့်အဝ ပံ့ပိုးပေးနိုင်မှုမရှိရင် တိုက်စစ်အားက ထက်မြက်မှုရှိမှာတော့ မဟုတ်ပါဘူး။ အမှတ်လိုနေတဲ့ အဲဗာတန်ကတော့ လက်ရှိ အနေအထားက ပြောင်းလဲပစ်ဖို့အတွက် ဘန်လေဆီက အနိမ့်ဆုံး တစ်မှတ်တော့ ရအောင်ယူမှာ သေချာပါတယ်။

ဝက်စ်ဟမ်းနှင့် စပါး

နှစ်ပွဲကစား နှစ်ပွဲနိုင်ထားတဲ့ စပါးတို့ အခြေအနေကောင်းနေပါတယ်။ ဒီဖိုးရော ရော့ဘီကိန်းပါ ခြေစွမ်းပြ ဂိုးသွင်းနေကြတာမို့ ဒီပွဲမှာ စပါးတို့အခြေအနေကောင်းနိုင်ပါတယ်။ စပါးမှာ ဒဏ်ရာရသူမရှိတဲ့အပြင် မနစ်ကထက်စုစည်းအားပိုကောင်းနေတာမို့ဝက်စ်ဟမ်းတို့ အိမ်ကွင်းမှာ ခြေကုန်ထုတ်ရမှာ သေချာပါတယ်။

လျှော့တွက်၍မရ

ဝက်စ်ဟမ်းမှာ မက်သရူးအက်ဆင်နဲ့ နိုဘလီတို့ပဲ အားထားစရာရှိပေမယ့် အိမ်ကွင်းမှာတော့ နိုင်ပွဲရအောင် ကစားတတ်ပါတယ်။ ဝက်စ်ဟမ်းရဲ့ အမြင့်ဆုံး မျှော်မှန်းချက်က တစ်မှတ်ရအောင်တော့ ယူဖို့ ကြိုးစားမှာဖြစ်ပေမယ့် စပါးကတော့ ဂိုးပြတ်သွင်းနိုင်အောင် ကြိုးစားမယ်လို့ တိုက်စစ်မှူး ဒီဖိုးက ပြောကြားနေပါတယ်။ ဒီပွဲမှာ ဧည့်သည်ကို ကြိုက်ပေမယ့် အိမ်ရှင်ကလည်း လျှော့တွက်လို့မရတာမို့ ထွက်လာမယ့် ရလဒ်က ပြတ်သားနိုင်ပါ့မလားလို့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်

အားကစားသတင်းအတိုအထွာ

အာကာဟိန်း စုစည်းဖော်ပြသည်

ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ၊ အူလ်စိန်ဘော့ထပ်မံစံချိန်ချိုး

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် ကမ္ဘာ့ချန်ပီယံပြေးခုန်ပစ်ပြိုင်ပွဲကို ဩဂုတ် ၂၂ရက်က ဆက်လက်ကျင်းပရာ အမျိုးသား မီတာ ၂၀၀အပြေးပြိုင်ပွဲတွင် အူလ်စိန်ဘော့က ၁၉ဒသမ၁၉စက္ကန့်ဖြင့် အနိုင်ရရှိကာ ကမ္ဘာ့စံချိန် ထပ်မံချိုးနိုင်ခဲ့ကြောင်း ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

ရှက်ဖ်ချင်ကိုအား ချယ်လ်ဆီး၌ဆက်လက်ထိန်းထားမည်

ချယ်လ်ဆီးတိုက်စစ်မှူးရှက်ဖ်ချင်ကိုအား အသင်းမှ ပြောင်းရွှေ့ခွင့်ပြုမည်မဟုတ်ဘဲ ဆက်လက်ခေါ်ယူထားမည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ဩဂုတ် ၂၂ရက်၌ ထုတ်ဖော်ပြောကြားသည်။

မီတာ ၈၀၀၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သော တောင်အာဖရိကအပြေးမယ် ဆေးစစ်ခံရမည်

(၁၂)ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီးမီတာ ၈၀၀ အပြေးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သော တောင်အာဖရိက အပြေးမယ် ဆီမင်ယာအား ဆေးစစ်မှုများပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က ဩဂုတ် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

လက်စကော့အား မန်စီးတီးသို့ ရောင်းချမည်

အဲဗာတန်နောက်ခံလူ လက်စကော့အား မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်၂၂သန်းဖြင့် ရောင်းချရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အဲဗာတန်ကလပ်က သတင်းထုတ်ပြန်သည်။

ကမ္ဘာ့အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ရုရှားက တရုတ်ကို အနိုင်ရရှိ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးအဆင့်၌ ရုရှားအသင်းက တရုတ်အသင်းကို ၂၇-၂၉၊ ၂၅-၁၆၊ ၂၅-၁၉၊ ၂၅-၂၃ဖြင့် အနိုင်ရရှိပြီး ဘရာဇီးက ဂျာမနီအသင်းကို ၂၅-၁၅၊ ၂၅-၁၅၊၂၅-၁၆ဖြင့် သုံးပွဲဆက်တိုက် နိုင်ပွဲရရှိကြောင်း ဂျပန်ဘော်လီဘောအဖွဲ့ချုပ်က ဩဂုတ်၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

အပြောင်းအရွှေ့ကာလမကုန်ဆုံးမီ ဗီအဲရာ အသင်းဟောင်းအာဆင်နယ်သို့ပြန်ရောက်မည်

အာဆင်နယ်ကစားသမားဟောင်း ဗီအဲရာသည် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလမကုန်မီ အာဆင်နယ်သို့ရောက်ရှိလာမည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ ရုရှားမှ ရိုင်ဘာကော့ဗ်ပိုလ်စွဲ

(၁၂)ကြိမ်မြောက်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကို ဩဂုတ် ၂၂ရက်က ဆက်လက်ကျင်းပရာ အမျိုးသားတုတ်ထောက်အမြင့်ခုန်ပြိုင်ပွဲတွင် ရုရှားမှရိုင်ဘာကော့ဗ်က ၂ဒသမ၃၂မီတာဖြင့် ဗိုလ်စွဲခဲ့သည်။

ဂရိနောက်တန်း ကစားသမား လီဗာပူးအသင်း စာချုပ်ခေါ်ယူ

အေအီးကေ အသင်းကလပ်မှ ဂရိနိုင်ငံလက်ရွေးစင် ဘောလုံးသမားဖြစ်သည့် နောက်တန်းကစားသမား ကိုင်ဂီယာကို့စ်အား လီဗာပူးက ပေါင်နှစ်သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

(အင်တာနက်)

ချယ်လ်ဆီးကစားသမား ဇာကော့ဗ် ဘန်လေနှင့်ကစားမည့်ပွဲအထိ လွဲချော်ဖွယ်

လန်ဒန် ဩဂုတ် ၂၂

ချယ်လ်ဆီးအသင်းမှ ဒဏ်ရာရရှိထားသော ယူရီဇာကော့ဗ်သည် ညာဘက်ဒူးခေါင်းခွဲစိတ်ရန် လိုအပ်သဖြင့် ပရီမီယာလိဂ်ပွဲစဉ်အစ ပြိုင်ပွဲများနှင့် လွဲချော်နေဦးမည်ဖြစ်သည်။

အသက် ၂၆နှစ်ရှိ အဆိုပါ တောင်ပံကစားသမားအား ချယ်လ်ဆီးက ပြီးခဲ့သော နွေရာသီတွင် ပေါင်၁၈သန်းဖြင့် စီအက်စ်ကေအေ မော်စကိုအသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မကြာမီ လေ့ကျင့်ရေးကွင်းသို့ ပြန်လာနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းသည် ဩဂုတ်၂၉ရက် ဘန်လေနှင့် ကစားမည့်ပွဲအထိ လွဲချော်ဖွယ်ရှိသည်။

(အင်တာနက်)

စင်စင်နာတီဖလားပြိုင်ပွဲ အင်ဒီမာရေး အကြိုဗိုလ်လုမည်

စင်စင်နာတီ ဩဂုတ် ၂၂

ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိ အင်ဒီမာရေးသည် စင်စင်နာတီဖလား တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ပြင်သစ်နိုင်ငံမှ ဂျူလီယန်ဘင်နက်တီရှူးကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အသက် ၂၂ရှိ အင်ဒီမာရေးသည် အကြိုဗိုလ်လုပွဲတွင် ရော်ဂျာဖက်ဒဲယား သို့မဟုတ် လင်တန်ဟီးဝစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မာရေးသည် ယင်းပြိုင်ပွဲတွင် အနိုင်ရရှိပါက စင်စင်နာတီဖလားကို ကာကွယ်နိုင်မည်ဖြစ်သည်။

(အင်တာနက်)

လာမည့်ပရီမီယာလိဂ်ပွဲစဉ်အချို့ မန်ယူမှဖာဒီနန်လွဲချော်နေဦးမည်

လန်ဒန် ဩဂုတ် ၂၂

မန်ယူ နောက်တန်းကစားသမား ဖာဒီနန်သည် ပေါင်ဒဏ်ရာရရှိထားသဖြင့် နောက်ထပ်သုံးလေးပတ်အနားယူရဦးမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ဖာဒီနန်သည် ပရီမီယာလိဂ်မစမီ တစ်ပတ်အလို လေ့ကျင့်မှု ပြုလုပ်စဉ်အတွင်း ပေါင်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ နောက်တန်းခံစစ်မှူးဖာဒီနန်သည် လာမည့် အင်္ဂလန်နှင့် စလိုဗေးနီးယား ကစားမည့်ပွဲ၊ အင်္ဂလန်နှင့်ခရိုအေးရှား ကစားမည့်ပွဲများလည်း လွဲချော်လိမ့်မည်ဖြစ်သည်။

(အင်တာနက်)

ဩစတြေးလျတင်းနစ်မယ်မိုလစ် တစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်မည်

ကင်ဘာရာ ဩဂုတ် ၂၂

ဩစတြေးလျ တင်းနစ်အားကစားမယ် အလီစီယာမိုလစ်သည် တစ်နှစ်ကြာ တင်းနစ်လောကမှ အနားယူပြီးနောက် လာမည့်သီတင်းပတ်တွင် ကျင်းပမည့် ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲမှစတင်ပြီး ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖလားလေးလုံး

အသက်၂၈နှစ်ရှိ ကမ္ဘာ့နံပါတ်-၈ ကစားသမားဟောင်း မိုလစ်သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလက တင်းနစ်လောကမှ အနားယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၄-၂၀၀၅ရာသီအတွင်း အအောင်မြင်ဆုံးဖြစ်ခဲ့ပြီး ဒဗလျူတီအေဖလားလေးလုံးအထိ ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

မြင့်မောင်စိုး
စုစည်းသည်

ဝက်စ်ဘရွန်းအသင်းခေါင်းဆောင်အား ပေါင်လေးသန်းခွဲဖြင့် ဖူလ်ဟမ်ခေါ်ယူစာချုပ်

လန်ဒန် ဩဂုတ် ၂၂

ဝက်စ်ဘရွန်းအသင်းခေါင်းဆောင် ဂျိုနသန်ဂရင်းနင်းအား ဖူလ်ဟမ်အသင်းက ပေါင် ၄ဒသမ၅သန်းဖြင့် စာချုပ်လိုက်ပြီဖြစ်သည်။

ခေါ်ယူ

အသက် ၃၀ရှိ ကွင်းလယ်ကစားသမား ဂရင်းနင်းကို ဖူလ်ဟမ်အသင်းက ခေါ်ယူရန် သုံးကြိမ်တိုင်ကြိုးစားခဲ့ရသည်။ ဂရင်းနင်းအား ဝက်စ်ဘရွန်းက လွန်ခဲ့သော ငါးနှစ်က မစ်ဒယ်ဘရော့အသင်းမှ ပေါင် ၁ဒသမ၂၅သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ
သတင်းကြေညာချက်
ရန်ကုန်မြို့
၁၃၇၁ခုနှစ် တော်သလင်းလဆန်း ၁ရက်
၂၀၀၉ခုနှစ် ဩဂုတ်လ ၂၀ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၀၉ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၀၉ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၀၉ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ၂၀၀၉ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၉ခုနှစ် ဩဂုတ်လ ၂၀ရက်မှ အောက်တိုဘာလ ၁၀ရက်အတွင်း စစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ နှစ်လယ်ရတနာပြပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၀၉ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

အမြန်ပြန်လာပါ

သမီး ဖြိုးဖြိုး(ခ)ဖြိုးဝေယံအေး ဖေဖေ၊ မေမေနှင့် ဘိုးဘိုး၊ ဘွားဘွားများ စိတ်ပူနေသည်။ အမြန်ပြန်လာပါ။ တွေ့ရှိသူများ အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖေဖေနှင့်မေမေ
ဖုန်း-၀၉-၅၁-၄၀၁၀၅၊
၀၉-၅၀-၂၅၅၅၁၊၀၉-၉၉-၇၃၈၄၈။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ကျော်ဇင်ဦး(ခ)ဇိုဇိုး၁၂/လမန(နိုင်) ၁၄၂၃၃၁ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဖခင်-ဦးကျော်ငွေး ၁၂/လမန(နိုင်)၁၂၁၀၄၅
မိခင်-ဒေါ်ခင်ခင်စိုး ၁၂/ကမရ(နိုင်)၀၀၅၁၂၈

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်း (F)မှ မဇင်မာအေးနှင့် အလက(၅) Grade-9 (A)မှ မောင်အေးလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးအာမီဟူဆောင် AKB-၂၂၄၀၆၆ ဖြစ်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၃၂)၌ **ရွှေ့ပြောင်းအလုပ်သမားများအပေါ် ကမ္ဘာ့စီးပွားရေးကပ်၏အကျိုးသက်ရောက်မှု** မျက်မှောက်ရေးရာ သုံးသပ်ချက် အထူးသတင်းဆောင်းပါးနှင့်အတူ ရှေးဟောင်းအမွေအနှစ်ကိုဖော်ထုတ်ထားသည့် ဆရာချစ်စံဝင်းရေးသော **'မက္ကရာစည်းခုံတော်ကြီး'**၊ ပန်သစ္စာ၏ **'ချင်းတောင်တန်းပေါ်က သုံးရာသီ ဗားရဲ' Myanmar DISCOVERY**၊ ဆရာမောင်ထင်၏လက်ရာ **'သတင်းဦး(ဇာတ်သိမ်းပိုင်း)' Myanmar CHANNEL** ၊ ရန်ကုန်တိုင်းအတွင်း မူလတန်းကျောင်းအချို့သို့ ကွင်းဆင်းလေ့လာချက်အရ ကလေးခြောက်ရာခိုင်နှုန်း နားလေးနေကြောင်းတွေ့ရှိရ၊ ပြည်ပဈေးကွက်ဝင် ပင်လယ်ရေမှော်ကိုရီးယားကုမ္ပဏီနှင့် မြိတ်ဒေသခံများ ကန်ထရိုက်စနစ်ဖြင့် ပူးပေါင်းစိုက်ပျိုးထုတ်လုပ်နေ၊ အင်္ဂလန်တက္ကသိုလ်တစ်ခုမှပေးသည့် ကျပ်သိန်းခြောက်ဆယ်ကျော် ပညာသင်ဆုမြန်မာကျောင်းသူနှစ်ဦးရရှိ၊ အခြေခံပညာအထက်တန်းအဆင့်ရှိသူတိုင်း ဩစတြေးလျစီးပွားရေး ဒီပလိုမာရယူနိုင်ပြီ၊ တစ်နေ့ရေဂါလန်တစ်သန်းပေးဝေနိုင်သည့် သဲဖြူရေပေးဝေရေး စီမံကိန်းပြီးစီးပြီဖြစ်သဖြင့် လှိုင်သာယာနေသူများ သောက်ရေသန့်ရတော့မည်၊ ယခုရက်ပိုင်း ဆက်တိုက်နီးပါးဖြစ်ပေါ်ခဲ့သော ငလျင်များကြောင့် ဆူနာမီ ဖြစ်မဖြစ် စောင့်ကြည့်ရမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ **ရိုးရိုးသားသား စီးပွားရှာကြသူများနှင့် အလဲထိုးခံရတဲ့ အမေရိက**ကဲ့သို့သော ရှုမြင်သုံးသပ်ချက် ဖတ်စရာများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဆရာမောင်စူးစမ်း၏ **'အာရှစီးပွားရေး နာလန်ထူစိန်ခေါ်မှုနှင့် ဘေးရှိသေး'** နိုင်ငံတကာစီးပွားရေးသုံးသပ်ဆောင်းပါးနှင့်အတူ အမေရိကန်အစိုးရ၏ မဲခေါင်မြစ်ဝှမ်းဒေသကို စိတ်ဝင်စားမှုက ဒေသ၏ပထဝီနိုင်ငံရေးအပေါ် သက်ရောက်စေမည်ဖြစ်၊ နိုင်ငံခြားလုပ်သားစီးဝင်မှုပိတ်ပင်ခြင်းက စင်ကာပူစီးပွားရေးကို ကျဆင်းစေဖွယ်ရှိ၊ အနာဂတ်တွင် မောင်းသူမဲ့တက္ကစီများအသုံးပြုတော့မည်၊ ဗြိတိန်ရှိရုံးဝန်ထမ်းအလုပ်သမားများ သူတောင်းစားအဖြစ်တောင်းရမ်း၍ အပိုဝင်ငွေရှာနေ၊ ကလေးငယ်များ အမြုပ်ထသော အချိုရည်သောက်သုံးပါက ဗိုက်နာဗိုက်အောင့်ခြင်းပိုမိုဆိုးရွားစေနိုင်၊ ကိုရီးယားမင်းသမီး ချိုင်ဂျင်ဆီးလ်၏အရိုးပြာအခိုးခံရ၊ ဖောက်ထွင်းသူခိုး၏သတင်းပေးမှုကြောင့် အင်တာနက်မှတစ်ဆင့်မိန်းကလေးများအား လိင်ပိုင်းဆိုင်ရာမြှူဆွယ်နေသူအရေးယူခံရ၊ ဖွဲကောင်းတဲ့ လိပ်ဘိုးဘိုးဘီလီ အခုတော့အောင်ပန်းဆင်ပြီစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကိုကိုအောင် ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးများ အလွဲသုံးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက်က မင်္ဂလာဒုံ အထက(၁)ခန်းမ၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပရာ တာဝန်ခံ ဆရာဦးဝင်းမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ စုစုပေါင်း ၆၀၀ တက်ရောက်၍ မင်္ဂလာဒုံ ရဲစခန်းမှူး ရဲအုပ်မျိုးတင့်ခိုင် **(အပေါ်ပုံ)**နှင့် ရန်ကုန်တိုင်းအနောက်ပိုင်း မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်တို့က ဟောပြောခဲ့ပြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်လှအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဟောပြောသည်။

အလားတူ ဟောပြောပွဲကို မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံအထက(၅)၌ ကျင်းပရာ တာဝန်ခံ ဆရာဦးမြင့်သွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ ၄၅၀ တက်ရောက်ကြပြီး ရဲအုပ်မျိုးတင့်ခိုင်၊ ရဲအုပ်မျိုးကြည်နှင့် ရဲအုပ်လှအောင်တို့က ပညာပေးဟောပြောကြသည်။ (၁၂၇)

အိုင်အိုဒင်းဆားရောင်းချမှု ကွင်းဆင်းစစ်ဆေး

သရက် ဩဂုတ် ၂၂

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင်း ရောင်းချနေသည့် ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိမရှိ သိရှိနိုင်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်း၍ ဆားရောင်းချသည့်ဆိုင်များကို ဇွန် ၂၈ရက်က စစ်ဆေးမှုပြုခဲ့ပြီး အိုင်အိုဒင်းဓာတ် ပါဝင်သော ဆားများကိုသာ ရောင်းချရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဝိုင်းမော်မြို့နယ်၌ ခြင်ဆေးဖျန်း

ဝိုင်းမော် ဩဂုတ် ၂၂

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီတွင်ဖြစ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဝိုင်းမော်မြို့ပေါ် ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ ခတ်ချိုကျေးရွာနှင့် ရွာရှိစာသင်ကျောင်းများ၊ မိုင်းနားကျေးရွာနှင့် ရွာရှိစာသင်ကျောင်းများကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယုန်ဖု ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးငွေလွင်စိုးက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ရှင်းလင်းတင်ပြ

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျေးလက်လမ်း/တံတားလုပ်ငန်း ပန်းပန်းခွာလမ်း ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်း ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပန်းအလှပင်များ စိုက်ပျိုး

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလအတွင်း ပန်းအလှပင်များ မြေချစိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးငွေနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြေယာရှုခင်းအလှ

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက်က လမ်းဘေးဝဲယာ ကပ်တုံးမြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စဝ်စံထွန်းဈေး၌ ခြင်ဆေးဖျန်း

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စဝ်စံထွန်းဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ကျန်းမာရေးမှူး(၂) ဦးမြတ်သူနှင့် အဖွဲ့က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကော့ကရိတ်မြို့နယ်၌ကျင်းပ

ကော့ကရိတ် ဩဂုတ် ၁၂

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၁ရက် နံနက် ၈နာရီက ကော့ကရိတ် မြို့နယ် ကော့ကရိတ်-ကျုံဒိုးလမ်း မိုင်တိုင်အမှတ် ၇/၄တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ အတွင်းရေးမှူး ဦးကျော်ကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ကံဦး၊ ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်(၂)၊ မြို့နယ်ဦးစီးအရာရှိ ဦးသန်းဆွေနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ရေပူကြီး၊ ငါးတိုင်၊ လှိုင်ကွယ်ကျေးရွာ ဥက္ကဋ္ဌနှင့် ကျေးရွာသူ ကျေးရွာသား အင်အား ၃၀၀တို့က ကျွန်းပင် ၅၀၀ကို တပျော်တပါး စုပေါင်း စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

ကော့ကရိတ်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၀၉ခုနှစ် မိုးရာသီတွင် ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မဟော်ဂနီ၊ ပိတောက် စသည့် သစ်မျိုး ၁၀မျိုး အပင် ပေါင်း ၅၀၀၀၀ကို အောင်မြင်စွာ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော် တောင်ပိုင်းရပ် အမက(၂) ကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် ဩဂုတ် ၂၁

ရေဝတီတိုင်း မအူပင်ခရိုင် နေပြည်တော်မြို့ တောင်ပိုင်းရပ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျောင်းတည်ရှိရာ နေပြည်တော်မြို့ ၉ရပ်ကွက် မဟာဗောဓိလမ်း၌ ဩဂုတ် ၁၈ရက် နံနက် ၁၀နာရီက ကျင်းပရာ အခြေခံပညာဦးစီးဌာန အမှတ်(၁) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ တိုင်းပညာရေးမှူး ဦးခင်မောင်ရီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ မူလတန်းကျောင်းသည် ၁၆-၁၂-၁၉၅၃ရက်က စတင်တည်ထောင်ခဲ့သော ကျောင်းဖြစ်၍ ဟောင်းနွမ်းပျက်စီးနေပြီ ဖြစ်သည့်အတွက် နိုင်ငံတော်မှ ငွေကျပ် ၂၃၈သိန်းပံ့ပိုးပေးပြီး ကျောင်းသားဟောင်းများဖြစ်သော ဦးသက်စိုး (သက်ပိုင်စိုးကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးစစ်တိုင်းအောင်၊ ဒေါ်ယဉ်ဝင်းဝင်းအောင် (Sun Tac International Trading Co.,Ltd.)က ငွေကျပ် ၆၂ သိန်း၊ စေတနာရှင် ဦးမျိုးဇော်ထွန်း၊ ဒေါ်ဝတ်ရည်ထွေး (တော်ဝင်ကုမ္ပဏီ လီမိတက်)က ငွေကျပ် ၆၅ သိန်း ပါဝင်လှူဒါန်းမှု အပါအဝင် ငွေကျပ် သိန်း ၆၃၀တန် ကျောင်းဆောင်သစ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ဆက်သွယ်နိုင်

ပညာရေးဝန်ကြီးဌာနပိုင်မြေ အကျယ်ပေ (၉၀×၆၀)ပေါ်တွင် ပေ (၆၀×၃၀) နှစ်ထပ် RC စာသင်ဆောင်၊ ကျောင်းအုပ်ကြီးရုံးခန်းနှင့် မီဒီယာခန်းပါဝင်သည့် ပေ (၃၀×၂၀)တစ်ထပ် RC ပါဝင်သော အဆောက်အအုံအပြင် သုံးခန်းတွဲ ရေလောင်းအိမ်သာ၊ မီးစက်ထားရှိမည့် အဆောက်အအုံနှင့် နားနေဆောင်များ ပါဝင်သည်။ ယခုကဲ့သို့ အဆင့်မြင့် မူလတန်းကျောင်းဆောင်သစ်ကြီး ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ကြောင်း၊ လက်ရှိကျောင်းသားမိဘများကလည်း ကျောင်းဆောင်သစ်ကြီးကို မြင်ရသည့်အတွက် စေတနာ၊ သဒ္ဓါတရားထက်သန်ကာ မိမိတို့စိတ်ကူးရှိသည့်အလျောက် ဖြည့်စွက်လှူဒါန်းကြသဖြင့် စာသင်ခန်းတိုင်းတွင် အဆင့်မြင့်သင်ထောက်ကူပစ္စည်းများ ပြည့်စုံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားဟောင်းများအနေဖြင့် မိမိတို့ ပညာသင်ကြားခဲ့ရာ ကျောင်းတော်ကြီးကို ဆက်သွယ်လိုပါက ဖုန်း -၀၄၆-၂၅၃၅၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၁၄၇)**

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား မင်းတပ်မြို့နယ်၌ကျင်းပ

မင်းတပ် ဩဂုတ် ၁၃

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၃ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ဇင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တိုက်ကျွေး

ထို့နောက် တက်ရောက်လာကြသူများက ငါးနှစ်အောက် ကလေးများအား ဘီတာမင်အေ ဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို သံဓာတ်ဆေးပြားများနှင့် ဘီတာမင် ဘီဝမ်းဆေးများ တိုက်ကျွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဩဂုတ် ၅ရက်က ရပ်စောက်မြို့နယ် မြို့မဈေးအတွင်း ကျန်းမာသန့်ရှင်းရေး၊ စည်းကမ်းနှင့်အညီ တည်ခင်း ရောင်းချရေး၊ ဆားအရောင်းဆိုင်များ အိုင်အိုဒင်း ပါဝင်မှု ရှိ မရှိကို အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဓညဝတီလမ်းတစ်လျှောက် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဝန်ထမ်းများ ဆောင်ရွက်ကြရာ ဩဂုတ် ၈ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် ဒုတိယဦးစီးမှူး ဦးမြင့်ဆွေ၊ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးမင်းထွန်းတို့ ကြီးကြပ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အင်းစိန် အမက(၁၁)ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ် ၁၅ရက်က ကျောင်းသား ကျောင်းသူများအား အာဟာရသာဂူတိုက်ကျွေးစဉ်။ (ပညာရေး)

မြစ်ကြီးနားစည်ပင် အမှိုက်သိမ်းလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို စိမ်းလန်းစိုပြည် သန့်ရှင်းသပ်ရပ်လှပသော မြို့ဖြစ်စေရန်အတွက် လမ်းညွှန်ချက် (၁၆)ချက်နှင့်အညီ အဖွဲ့ဝန်ထမ်းလုပ်သားများဖြင့် ပြည်ထောင်စုလမ်း၊ သခင်နက်ဖေလမ်း၊ ဇော်ဂျွန်းလမ်း၊ မဟာဗန္ဓုလလမ်း၊ အောင်ဆန်းလမ်း ဝဲ ယာရှိ ရပ်ကွက်များသို့ ခေါင်းလောင်းတီး အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို နေ့စဉ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့် ဒုတိယဦးစီးမှူး(သန့်) ဦးတင်မောင်ထွေးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အုပ်စုလုံးကျွတ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ရွှေကူမြို့၌ ကျင်းပ

ရွှေကူ ဩဂုတ် ၁၅

ကျေးလက်နေပြည်သူများ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပညာဗဟုသုတ မြင့်မားစေရေးအတွက် စင်းဖုတ်ကျေးရွာ အုပ်စုလုံးကျွတ်ခိုင်မာသော စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ် စာစောင်၊ ရန်ပုံငွေ၊ ပရိဘောဂနှင့် မီဒီယာပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၉ရက် နံနက် ၁၀နာရီက ရွှေကူမြို့နယ် စင်းဖုတ်ကျေးရွာအုပ်စု တာလီကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရွှေကူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က စင်းဖုတ်ကျေးရွာအုပ်စုအတွင်းရှိ စာကြည့်တိုက်များကို ရေဒီယိုသုံးလုံး၊ သုတ ရသ၊ စာအုပ်စာစောင် အုပ် ၁၅၀၊ တက်ရောက်လာသော ဌာနဆိုင်ရာများမှ အလှူငွေကျပ် ၁၈၀၀၀၊ စေတနာရှင်ပြည်သူများက စာအုပ်ဗီရိုသုံးလုံး ငွေကျပ် ၂၃၅၅၀၀နှင့် စာအုပ်စာစောင် အုပ် ၂၀ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများထံသို့ ပေးအပ်သည်။

ဖွင့်လှစ်

စင်းဖုတ်ကျေးရွာ ဖိုးရာဇာ စာကြည့်တိုက်၊ တာလီကျေးရွာ အားမာန်သစ် စာကြည့်တိုက်၊ ခေါလဲကျေးရွာ ပညာရွှေအိုးစာကြည့်တိုက် အဆောက်အအုံသစ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာဦးသန်းနိုင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဦးမောင်လွင်နှင့် ဦးစံသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မ လှိုင် မြို့ နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြ လုပ်ငန်းဖြစ်သော တိုးချဲ့ကွက်သစ် လမ်းသွယ် (၃) ကျောက် ချော လမ်းခင်းခြင်းလုပ်ငန်း ဆောင် ရွက် မှု ကို အငယ်တန်း အင်ဂျင် နီယာ(၂) ဒေါ်ဆွေဆွေလွင်နှင့် အမှုဆောင် အရာရှိ ဦးရဲနိုင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မြေပုံမြို့၌ ကတ္တရာလမ်းခင်း

မြေပုံ ဩဂုတ် ၁၅

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းများ ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ရက်က အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)



မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော မဲထီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေမြို့နယ် မြို့အဝင်ဆိုင်းဘုတ်အနီးတွင် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေကို ဩဂုတ် ၄ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းက ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွဋ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၁၇)ကြိမ်မြောက် ခရိုင်အဆင့် အဆိုအကအရေးအတီးပြိုင်ပွဲ ဟသ်ာတ၌ကျင်းပ

ဟင်္သာတ ဩဂုတ် ၁၆

ဧရာဝတီတိုင်း ဟင်္သာတခရိုင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ရက် ည ၇နာရီက ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဟင်္သာတမြို့မှ ဧရာဝတီ လှိုင်မင်းမြန်မာ့ဆိုင်းဝိုင်းက အောင်စေပိုင်စေ သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆိုအကအတီးပြိုင်ပွဲများကို မြို့တော်ခန်းမ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်ခန်းမ၌လည်းကောင်း ကျင်းပကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆိပ်ဖြူ ဩဂုတ် ၁၅

ဆိပ်ဖြူမြို့နယ် မြို့နယ်ပညာရေးမှူး တံခွန်စိုက်ဆုဖလား အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲကျင်းပ

၂၀၀၉-၂၀၁၀ပညာသင်နှစ် မကွေးတိုင်း ဆိပ်ဖြူမြို့နယ် မြို့နယ်ပညာရေးမှူး တံခွန်စိုက်ဆုဖလား အခြေခံပညာ ကျောင်းပေါင်းစုံ ပညာရေးနယ်မြေအလိုက် အသက် ၁၃နှစ်အောက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲကိုမြို့နယ်ပြည်သူ့အားကစားကွင်းနှင့် ရွာသစ်ရပ် (အမက) ကျောင်းကွင်းတို့တွင် ဩဂုတ် ၃ရက်မှ ၇ရက်အထိ နေ့စဉ် နံနက်ပိုင်း တစ်ပွဲစီနှင့် ညနေပိုင်းတစ်ပွဲစီဖြင့် ပြိုင်ပွဲဝင် အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသမီးအသင်း ဗိုလ်လုပွဲတွင် လိပ်ခြိပညာရေးနယ်မြေအသင်းက အရှေ့ကံတွင်း ပညာရေးနယ်မြေအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမျိုးသားအသင်း ဗိုလ်လုပွဲတွင် ကိုးတောင်(အလကခွဲ)အသင်းက ဆိပ်ဖြူ(အထက)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကျင်းပရာ တာဝန်ရှိသူများနှင့် နယ်မြေအလိုက်(အထက၊အထကခွဲ) ကျောင်းအုပ်ကြီးများက ဒုတိယဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုနှင့် နေရာအလိုက်အကောင်းဆုံးဆုများကို အသီးသီးပေးအပ်ကြပြီး ပထမဆုရရှိသွားသော ကိုးတောင်(အလကခွဲ) အမျိုးသားဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်က တစ်ဦးချင်းဆုများနှင့် ပထမတံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ အမျိုးသမီးပထမဆုရ လိပ်ခြိပညာရေးနယ်မြေအား မြို့နယ်ပညာရေးမှူး ဦးဗိုလ်ဌေးက တစ်ဦးချင်းဆုများနှင့် ပထမ တံခွန်စိုက်ဆုဖလား**(ဝဲပုံ)**ကိုလည်းကောင်း ပေးအပ်ချီးမြှင့်လိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အဘိဓမ္မာပြန့်ပွားရေးအသင်းက ဩဂုတ် ၁၂ရက်နှင့် ၁၃ရက်တို့တွင် ကော့သောင်းမြို့ ပြည်တော်အေး သာသနာ့ဗိမာန်၌ ပထမအကြိမ် ထေရဝါဒဗုဒ္ဓသာသနာပြု ဓမ္မစာပေ ဟောပြောပွဲကျင်းပရာ စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်) က ပရမတ္ထအလင်္ကာ ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(စာပေစာနယ်ဇင်း)

မြို့သန့်ရှင်းသာယာလှပရေး မြေယာရှုခင်းပြုပြင်၊ ရာသီပန်းများစိုက်ပျိုး

မြစ်ကြီးနား ဩဂုတ် ၁၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သောမြို့ ဖြစ်စေရန် ဩဂုတ် ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မော်မော်သိန်း ကြီးကြပ်လျက် ဝန်ထမ်းအဖွဲ့ခွဲကာ ဆွမ်းပရာဘွမ်လမ်းလမ်းလယ်ကျွန်းပေါင်အမှတ် ၈၄မှ ၁၆၃ အထိ မြေယာရှုခင်းပြုပြင်ခြင်း၊ပေါင်းမြက်ရှင်းခြင်းနှင့် အဖွဲ့ပိုင်ပျိုးဥယျာဉ်မှ ပျိုးပင်များ ပြောင်းရွှေ့စိုက်ပျိုးခြင်းကို မြို့နယ်တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ကတ်တုံးပြုပြင်

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် ဒဂုံးချောင်းလမ်းဆုံ မိုးကုတ်လမ်းမကြီးဘေး မြို့အဝင် ကတ်တုံး ပြုပြင်ခြင်းကို ဩဂုတ် ၃ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးပြည့်စိုးဝင်းကျော်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျောင်းများအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖလမ်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆွေးနွေး

ဖလမ်း ဩဂုတ် ၂၀

ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြားအွယ်နှင့် ဖလမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းတို့သည် ဩဂုတ် ၁၆ရက် မွန်းလွဲ ၁နာရီက ဖလမ်းမြို့နယ် မန်ခဲန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးနီကုလ်က အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ၊ စာငှားကတ်စနစ် ကျင့်သုံးရေးစာအုပ်၊ တီဗွီလှူဒါန်းရရှိရေးတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ***(ခရိုင် ပြန်/ဆက်)***

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ကြို့ပင်ကောက်မြို့နယ် ဈေးချိုမြောက်ရပ်ကွက်အတွင်း မီးသတ်ရေကန်ပတ်ဝန်းကျင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ကန်အတွင်း ရေညှိရေမှော်၊ ဒိုက်များ ဆယ်ယူရှင်းလင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း နောင်ချို၌ ထော်လာဂျီနှင့် စက်ဘီးတိုက်မိ

နောင်ချို ဩဂုတ် ၁၈

ထော်လာဂျီနှင့် ပွတ်တိုက်မိသဖြင့် စက်ဘီးစီးသူသေဆုံးရမှု နောင်ချိုမြို့တောင်ဘက်တွင် နောင်ချို-ကံကြီးကျေးရွာသွားလမ်းပေါ်တွင် ဩဂုတ် ၆ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တောင်ဘက် တစ်မိုင်ခန့်အကွာ နောင်ချို-ကံကြီးကျေးရွာ သွားသည့်လမ်းပေါ်တွင် ဩဂုတ်၆ရက် ညပိုင်းက အမည်မသိ လူငယ်တစ်ဦး မိန်းမစီးအစိမ်းရောင်စက်ဘီးနှင့်အတူ လမ်းဘေးတွင် လဲကျနေကြောင်း သတင်းရရှိသဖြင့် ရဲအုပ်စခန်းမှူး ကျော်ဝင်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်သည့် နေရာအားစစ်ဆေးရာ သေဆုံးသူမှာ နောင်ချိုမြို့နယ်မြေ (၈)တောင်ရပ်ကွက်နေ ဦးမြင့်အောင်၏သားဖြစ်သူ သိန်းသန်းစိုး အသက်(၂၁)နှစ်ဖြစ်ပြီး ယာဉ်တစ်စီးဖြင့် ပွတ်တိုက်ခံရသဖြင့် သေဆုံးရကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့နောက် စခန်းမှူးရဲအုပ်ကျော်ဝင်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်ကာ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ နှေ့ညမပြတ် စုံစမ်းထောက်လှမ်းခဲ့ရာ ယာဉ်တိုက်မှုကျူးလွန်သည့် တရားခံဖြစ်သူအောင်မျိုးဝင်း(ခ)ကိုဝင်း(ဘ)ဦးကိုမောင် အသက်(၂၀)၊ နောင်ချိုမြို့နယ် နောင်တောကျေးရွာနေထိုင်သူအား ၄င်းမောင်းနှင်သည့် ပီကင်းဂျစ် ကန့်လန့်ထော်လာဂျီအပြာရောင် ယာဉ်အမှတ် ၄၅/၄၈၇၆နှင့်အတူ အမှုဖြစ်ပွားပြီး သုံးရက်အတွင်း စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ (ဝ၂၅)

မြို့နယ်သတင်းများ

သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်းဆောင်ရွက်

လှည်းကူး ဩဂုတ် ၁၂

လှည်းကူးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ဇူလိုင်၂၅ရက်က ဈေးကြီးရပ်ကွက်အတွင်း ခြင်ဆေးဖျန်း ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားသည့် ၂၀ ဦးမြောက်လူနာ ဆေးရုံမှဆင်းပြီ

ကျန်လူနာလေးဦး သက်သာလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

မြန်မာနိုင်ငံ၌ New Influenza A (H1N1) တွေ့ရှိသည့် လူနာ ၂၄ ဦးအနက် ၁၉ ဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းပြီးဖြစ်ကြောင်း၊ လူနာငါးဦးသာ ဆေးရုံတက်ရောက်၍ ကုသမှုခံယူလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

စိုးရိမ်ဖွယ်ရာမရှိ

ယနေ့ဩဂုတ်၂၂ရက်တွင် ၂၀ ဦးမြောက် ပိုးတွေ့လူနာ အသက် (သုံးနှစ် ခုနစ်လ) အရွယ် ကလေးငယ်ကိုလည်း ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှ ဆင်းပေးလိုက်ကြောင်း၊ ၎င်းလူနာနှင့်အတူနေ မိသားစုဝင်ငါးဦးအား စောင့်ကြပ်ကြည့်ရှုခြင်းမှ ရပ်ဆိုင်းပြီးဖြစ်ကြောင်း၊ ဝေဘာဂီ အထူးကုဆေးရုံကြီးတွင်နှစ်ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တစ်ဦးနှင့် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် တစ်ဦးသာကျန်ရှိကြောင်း၊ ၎င်းလူနာလေးဦးကို

စာမျက်နှာ ၉ ကော်လံ ၄ ■

စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

ကျုံကဒတ်စံပြကျေးရွာရှိ ပြည်သူများ စာပေဗဟုသုတများ တိုးပွားရရှိစေရန် ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဤသို့သပ်ရပ်စွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း သတင်းထောက်ထွန်းဇော် (စမ်းချောင်း)

တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးစည်ပင်လာသော သံဖြူဇရပ်မြို့နယ် ကျုံကဒတ်စံပြကျေးရွာ

ရန်ကုန် ဩဂုတ် ၂၂

သံဖြူဇရပ်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးရေးသားရန် ရောက်ရှိနေသည့် မြန်မာ့အလင်းသတင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ်မှ စက်စဲအပန်းဖြေကမ်းခြေသို့ ခရီးဆက်ခဲ့ရာ ညနေပိုင်းတွင် ရောက်ရှိခဲ့သည်။

မျက်စိတစ်ဆုံး

စက်စဲအပန်းဖြေကမ်းခြေ၏ နေဝင်ဆည်းဆာအလှကို ခံစားလိုသဖြင့် ကမ်းခြေ၏ သဲသောင်ပြင်ပေါ်တွင်ထိုင်ရင်း ပင်လယ်ပြင်မှ တိုက်ခတ်လာသည့် လေနုအေးကလေးများကို

စာမျက်နှာ ၈ ကော်လံ ၁ ❐

သတင်းခရီးသည် ဝင်းရွှေ(မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း သတင်းထောက်ထွန်းဇော် (စမ်းချောင်း)

စာမျက်နှာဖွဲ့စည်းမှု တိုးလွင် (မြန်မာ့အလင်း)